## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသောသူသည် သွားလေရာရာ အရပ်ရပ်၌ အပူဇော်ခံရ၏။ ဓမ္မပဒ


# မြဝတီ နေ့စဉ်


### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၃၅)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ စနေနေ့



### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြား

## ပဲခူးတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်သည့် တိုင်းဒေသကြီးဖြစ်ပြီး အသိပညာအတတ်ပညာ ပြည့်ဝသည့် လူငယ်များမွေးထုတ်နိုင်မည်ဆိုပါက ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၁၆ ကော်လံ ၁ ✭





## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃၁ ရက်)

# အများကောင်းကျိုးသယ်ပိုးခြင်း

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နိုင်ငံတော်အစိုးရအဆက်ဆက်က သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တိုက်ဖျက်လျက်ရှိရာတွင် ကုလသမဂ္ဂ၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ UNODC၊ AFP၊ DEA၊ NNCC၊ ONCB စသည့်နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးသည် လူသားတို့၏အသက်အိုးအိမ်များကိုဖျက်ဆီးနေသည့်အရာဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ် သုံးစွဲမှုများရှိနေသမျှကာလပတ်လုံး လူမှုဒုက္ခများရှိနေမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးပြဿနာမှာ ပထဝီဝင်အနေအထားအရလည်းကောင်း၊ နိုင်ငံအတွင်းလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ တည်ရှိနေမှုအရလည်းကောင်း ဖြေရှင်းရန်ခက်ခဲနေဆဲအခြေအနေဖြစ်သည်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ဌာနဆိုင်ရာများအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို စစ်ဆင်ရေးကြီးများဆင်နွှဲပြီးတိုက်ဖျက်ခဲ့သည်။ အောင်မြင်မှုများများစွာရှိခဲ့သော်လည်း မူးယစ်ဆေးဝါးကင်းစင်ပပျောက်သွားသည်ဟူ၍မရှိသေးပေ။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ၂၀၁၃ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အထူးစစ်ဆင်ရေး ၃၉ ကြိမ်ဆောင်ရွက်ခဲ့သည်။ ယခုနှစ်တွင်လည်း အထူးစစ်ဆင်ရေး Operation 39/24(2024) ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေသည့် အကြမ်းဖက်လက်နက်ကိုင် ဆူပူသောင်းကျန်းသူများသည် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများအပါအဝင် မူးယစ်ဆေးဝါးလုပ်ငန်းများတွင် ပါဝင်ပတ်သက်လျက်ရှိသည်။ ထိုသို့ရှိနေကြောင်းကို ဖမ်းဆီးရမိသည့်မူးယစ်ဆေးဝါးအမှုတွဲများက သက်သေခံလျက်ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းအများစု၏ဝင်ငွေရလမ်းကြောင်းများမှာ နိုင်ငံတော်၏သယံဇာတများအား တရားမဝင်ထုတ်ယူရောင်းချခြင်း၊ မူးယစ်ဆေးဝါးလုပ်ငန်းများလုပ်ဆောင်ခြင်းတို့ဖြစ်သည်။ ထို့ပြင်အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူတို့သည် အတင်းအဓမ္မစုဆောင်းထားသောလူငယ်များကို မူးယစ်ဆေးဝါးဖြင့် ထိန်းချုပ်ထားပြီး ဒေသန္တရတိုက်ပွဲများတွင် အသေခံတိုက်ခိုက်ခိုင်းနေကြကြောင်း လူမှုကွန်ရက်များတွင်ကြားသိနေရသည်။ ပြည်တွင်း၌လက်နက်ကိုင်သောင်းကျန်းမှုများ အရှိန်မြင့်လာချိန်မှစကာ မူးယစ်ဆေးဝါးများကို ပမာဏကြီးမားစွာသယ်ဆောင်မှုများပိုမိုများပြားလာပြီး ဖမ်းဆီးရမိမှုများလည်း ပိုမိုများပြားလာသည်။ ဩဂုတ်လအတွင်း ဘီလီယံနှင့်ချီတန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုများကို နေ့စဉ်ထုတ်သတင်းစာများ၌ဖော်ပြထားသည်။ ဩဂုတ်လ ၃ ရက်နေ့ထုတ်သတင်းစာတွင် ဖျာပုံမြို့နယ်၌ မလေးရှားနိုင်ငံပင်လယ်ရေပြင်သို့ပို့ဆောင်မည့် ငွေကျပ် ၆၉ ဘီလီယံတန်ဖိုးရှိအိုက်စ်(မက်သ်အဖက်တမင်း) ၂ ဒသမ ၃ တန်နှင့်အတူ မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အားဖမ်းဆီးရမိခြင်း၊ ဩဂုတ်လ ၁၂ ရက်ထုတ်သတင်းစာတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ငွေကျပ် ၂ ဒသမ ၁၉ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုနှင့်စိတ်ကြွရူးသွပ်ဆေးပြားခြောက်သိန်းဖမ်းဆီးရမိခဲ့ခြင်း၊ ဩဂုတ်လ ၁၄ ရက်ထုတ်သတင်းစာတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့တွင် ငွေကျပ် ၁ ဒသမ ၄၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၁၅ သိန်းဖမ်းဆီးရမိခြင်း၊ ဩဂုတ်လ ၁၉ ရက်ထုတ်သတင်းစာတွင် စစ်ကိုင်းမြို့နယ်နှင့် ကလေးမြို့နယ်တို့၌ ငွေကျပ် ၄ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၃ ဒသမ ၉၇၅ တန်၊ အမိုနီယမ်ကလိုရိုဒ် ၂ ဒသမ ၃ တန်ကျော်နှင့်ဓာတုပစ္စည်း PROPIOHENONE လီတာ ၁၀၂၀ ကို ဖမ်းဆီးရမိခြင်း၊ ဩဂုတ်လ ၂၆ ရက်ထုတ်သတင်းစာတွင် ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၄ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅ သိန်းနှင့်ကက်တမင်း ၄၂၇ ကီလိုတို့ ဖမ်းဆီးရမိခြင်းများရှိခဲ့သည်။

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများနေ့စဉ်နေ့တိုင်းရှိနေသော်လည်း အထက်ပါဖမ်းဆီးရမိမှုများမှာဘီလီယံနှင့်ချီတန်ဖိုးရှိသည့်ဖမ်းဆီးရမိမှုများကို ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။ ဤမျှများပြားလှသော မူးယစ်ဆေးဝါးများအားဖမ်းဆီးရမိခြင်းမရှိခဲ့ပါက လူသားတို့၏အသက်ပေါင်းများစွာ ဆုံးရှုံးသွားမည်ဖြစ်သည်။ ဖမ်းဆီးရမိလိုက်ခြင်းအားဖြင့် လူတို့၏အသက်ပေါင်းများစွာ၊ စည်းစိမ်ဥစ္စာပေါင်းများစွာဆုံးရှုံးမည့်အရေးမှကယ်တင်လိုက်ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးမှုခင်းများသည် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု၊ ငွေကြေးခဝါချမှု၊ အဂတိလိုက်စားမှုများနှင့်ပါဆက်နွှယ်လျက်ရှိသည်။ တရားမဝင်ကုန်သွယ်မှုများဖမ်းဆီးရမိမှုများတွင်လည်း မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းဖမ်းဆီးရမိမှုများရှိသည်။ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့၏ ဆောင်ရွက်ချက်များမှာအားရဖွယ်ကောင်းလှသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုသည်မှာလည်း အမျိုးသားရေးတာဝန်တစ်ခုဖြစ်ပြီး မူးယစ်ဆေးဝါးများနှင့်မူးယစ်ဆေးဝါးဂိုဏ်းများဖမ်းဆီးရမိခြင်းများမှာ အများကောင်းကျိုးကိုသယ်ပိုးခြင်းဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူအမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်း တာဝန်ထမ်းဆောင်နေသောတစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသောဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ဥပဒေပိုင်းဆိုင်ရာအခြေခံအသိအမြင် ဟောပြောပို့ချခြင်းအခမ်းအနားကျင်းပ

ပင်လောင်း ဩဂုတ် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း ကျောင်းသား၊ ကျောင်းသူများအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်ဟောပြောပို့ချခြင်း အခမ်းအနားကို ဩဂုတ်လ ၂၉ ရက် နံနက်ပိုင်းတွင်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးတင်ငွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်သော်တာလှမင်းထွန်းက ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေများ၊ ကလေးသူငယ်စောင့်ရှောက်မှုဥပဒေများနှင့်ရာဇသတ်ကြီးပုဒ်မအကြောင်းများကို ရှင်းလင်းဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ ပင်လောင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦးနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြောင်း သိရသည်။ (၄၀၅)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၈-၂၀၂၄(စနေနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၀၀ | မေတ္တာပို့ |
| ၃။ | ၇:၃၀ | မျိုးချစ်တပ်မတော် |
| ၄။ | ၉:၃၀ | အမှတ်တရနေ့ရက်များ |
| ၅။ | ၁၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆။ | ၁၁:၂၅ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၇။ | ၁၄:၁၀ | **ရုပ်မြင်သံကြားဇာတ်လမ်း(၇-စနာရီ) (Repeat)ညပိုင်း** |
| ၈။ | ၁၆:၃၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၉။ | ၁၇:၁၀ | အင်္ဂလိပ်စာသုတ |
| ၁၀။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ ဝိနယောစ သုသိက္ခိတော** |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ် – ၄၃ သင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၃၀

မြန်မာနိုင်ငံစာရင်းကောင်စီမှကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်နှင့် ရန်ကုန်တို့တွင် တစ်ပြိုင်တည်းဖွင့်လှစ်ခဲ့သည့် ဒီပလိုမာစာရင်းကိုင် (Diploma in Accountancy – DA) (ပထမပိုင်း) သင်တန်းအမှတ်စဉ် – ၄၃ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမမှလည်းကောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှတာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက ရန်ကုန်မြို့ရှိ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နဝဒေးခန်းမမှ Online ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က စာရင်းပညာရပ်များသည် နိုင်ငံနှင့် လုပ်ငန်း၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးအခြေအနေမှန်ကို သိရှိနိုင်ပြီး ထိရောက်အကျိုးရှိစွာ ခွဲဝေသုံးစွဲနိုင်ရန်အတွက် ဆုံးဖြတ်ချက်များချမှတ်ပေးနိုင်သည့် ပညာရပ်ဖြစ်ကြောင်း၊ စာရင်းပညာရပ်ဆိုင်ရာများသာမက ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် နည်းပညာဆိုင်ရာများကိုလည်း လေ့လာသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းကို ၁၀ လကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး နေပြည်တော်သင်တန်းကျောင်းတွင် ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား ၁၀၅ ဦးနှင့် ရန်ကုန်သင်တန်းကျောင်းတွင် သင်တန်းသား ၆၁ ဦး စုစုပေါင်း ၁၆၆ ဦး တက်ရောက်ပြီးမြောက်ခဲ့ပြီး လာမည့်အောက်တိုဘာလတွင် အရည်အချင်းစစ်စာမေးပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ရေဝင်ရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၃၀

မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ရေဝင်ရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးနှင့်ပတ်သက်သည့်အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂၉) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရေဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ရေနှင့်ဆက်နွှယ်သည့် ဌာနနှင့်အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် တက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။


ဦးစွာ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက မြစ်ကြီးနားမြို့တွင် ၂၀၂၄ ခုနှစ် ဇွန်လအကုန်နှင့် ဇူလိုင်လဆန်းတွင် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုသည် ရပ်ကွက် ၂၈ ရပ်ကွက်အနက် မြို့တွင်းရပ်ကွက် ၁၀ ခုမှအပ ကျန်ရပ်ကွက် ၁၈ ခုသည် ရေကြီးနစ်မြုပ်မှုကို ဆိုးရွားစွာ ထိခိုက်ခံစားခဲ့ရကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် မြို့ဧရိယာ၏ ၄၀ ရာခိုင်နှုန်းကျော်ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့ပြီး ရေဘေးသင့်အိမ်ထောင်စု စုစုပေါင်း ၁၆၃၄၁ စု၊ လူဦးရေ ၆၈၇၄၇ ဦးသည် ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့ရကြောင်း ပြောကြားသည်။

ထို့နောက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းနှင့် ဌာနအလိုက်ဆောင်ရွက်ခဲ့သောလုပ်ငန်းများ၊ မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုကြောင့် ထိခိုက်မှု၊ ရေခဲတောင်အရည်ပျော်ကျမှု အခြေအနေနှင့် မြစ်ကြီးနားမြို့၏ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုကာကွယ်ရေးလုပ်ငန်းအစီအမံများနှင့် ဦးစားပေးဆောင်ရွက်သင့်သည်များကို ရှင်းလင်းတင်ပြရာ အစီအမံများအပေါ် ပညာရှင်များနှင့် တက်ရောက်လာကြသူများက အဖွဲ့များစုဖွဲ့၍ စားပွဲဝိုင်းဆွေးနွေးခြင်း၊ စံနှုန်းအမျိုးမျိုးဖြင့် ဆန်းစစ်လေ့လာခြင်းများ ဆောင်ရွက်ကြပြီး အဖွဲ့အလိုက်ဆွေးနွေးအကြံပြုကြသည်။

ယင်းနောက် ပညာရှင်များနှင့် တက်ရောက်လာကြသူများ၏ အကြံပြုချက်များ၊ ဆွေးနွေးချက်များနှင့် ဆန်းစစ်ချက်များအပေါ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့က ဖြည့်စွက်အကြံပြုသုံးသပ်ဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက နိဂုံးချုပ်စကားပြောကြားကာ ဆွေးနွေးပွဲကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ဖျာပုံ | (၃.၁၅)လက်မ |
| သာယာဝတီ | (၂.၆၄)လက်မ |
| ရန်ကုန် (ဗိုလ်တထောင်) | (၂.၅၅)လက်မ |
| ပိုင်ကျုံ | (၂.၅၅)လက်မ |
| ကွမ်းခြံကုန်း | (၂.၂၈)လက်မ |
| မော်လမြိုင်ကျွန်း | (၂.၂၄)လက်မ |
| ရန်ကုန် (မရမ်းကုန်း) | (၂.၁၇)လက်မ |
| ကြို့ပင်ကောက် | (၁.၉၃)လက်မ |
| မြိတ် | (၁.၉၃)လက်မ |
| ရွှေကျင် | (၁.၈၉)လက်မ |
| ကိုကိုးကျွန်း | (၁.၇၇)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၄ | ၃၇ |
| ရှမ်း(မြောက်) | ၂၄ | ၃၀ |
| ရှမ်း(အရှေ့) | ၂၃ | ၃၁ |
| ရှမ်း(တောင်) | ၁၉ | ၂၇ |
| ချင်း | ၁၂ | ၂၃ |
| စစ်ကိုင်း(အထက်) | ၂၆ | ၃၄ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၃ |
| နေပြည်တော် | ၂၄ | ၃၂ |
| မန္တလေး | ၂၆ | ၃၄ |
| မကွေး | ၂၄ | ၃၃ |
| ရခိုင် | ၂၂ | ၃၁ |
| ပဲခူး | ၂၁ | ၃၀ |
| ရန်ကုန် | ၂၃ | ၂၉ |
| ဧရာဝတီ | ၂၂ | ၃၀ |
| ကယား | ၂၂ | ၃၁ |
| ကရင် | ၂၃ | ၃၁ |
| မွန် | ၂၃ | ၃၀ |
| တနင်္သာရီ | ၂၃ | ၂၉ |

# ထားဝယ်မြို့၌ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

ထားဝယ် ဩဂုတ် ၃၀

တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ထားဝယ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာလ ၇ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဩဂုတ်လ ၃၀ ရက်တွင် ထားဝယ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အခြေခံပညာကျောင်းပေါင်းစုံမှ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၁ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၆၅ ဦးတို့က ယခုနှစ်အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့ ဟူသောခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ဖြေဆိုနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ထို့နောက် ယှဉ်ပြိုင်ဖြေဆိုကြသောကျောင်းသား၊ ကျောင်းသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်၊ အသိပညာပေးလက်ကမ်းစာစောင်များနှင့် အာဟာရဖြည့်မုန့်များပေးအပ်ခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

## သဇင် (FM) အသံလွှင့်အစီအစဉ်

၃၁-၈-၂၀၂၄(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင် တေးသံစဉ်

# နီပေါနိုင်ငံမှ ပြည်ပဘွဲ့ခံဆရာတော်ကြီးအား မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ကို သံအမတ်ကြီး ဦးမျိုးမြင့်မောင် လုမ္ဗိနီမြို့ရှိ မြန်မာရွှေကျောင်းတော်ကြီး၌ သွားရောက်ဆက်ကပ်အပ်နှင်း



ကတ္တမန္ဒူး ဩဂုတ် ၃၀

နီပေါနိုင်ငံ လုမ္ဗိနီမြို့ မြန်မာရွှေကျောင်းတော်ကြီး၌ သာသနာပြုတာဝန်ထမ်းဆောင်နေသော ဆရာတော်ဘဒ္ဒန္တပဏ္ဍိတအရှင်သူမြတ်အား ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းပူဇော်ပွဲတွင် ရရှိခဲ့သည့် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်အား နိုင်ငံတော်အစိုးရကိုယ်စား နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်မောင်က ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ယနေ့တွင် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ သံအမတ်ကြီး ဦးမျိုးမြင့်မောင်၊ မြန်မာသံရုံးမှ တာဝန်ရှိသူများ၊ မြန်မာရွှေကျောင်းတော်ကြီးမှ သာသနာရေးအရာရှိများ၊ ဒေသခန့်ဝန်ထမ်းများနှင့် ဒေသခံဒါယကာ၊ ဒါယိကာမတို့က တက်ရောက်ကြည်ညိုခဲ့ကြကြောင်းနှင့် ဆရာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)




## မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၃၀

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

**ထမင်းတစ်နပ်**

အဘွား ထွက်သွားခဲ့လေပြီ။ အဘွားအိမ်မှာ ကျွန်တော်တစ်ယောက်တည်း။ ထမင်းချက်စားဖို့ ဆန်ကတော့ ရွာက အဖေ၊ အမေတို့ ပို့ထားလို့ရှိသည်။ သည်တော့ တစ်နေ့မှာ ထမင်းနှစ်နပ် ပုံမှန်စားနိုင်ရေးအတွက် ကျွန်တော် ဈေးသွားရတော့သည်။ ရှိစုမဲ့စုမုန့်ဖိုးလက်ကျန် ပိုက်ဆံလေးဖြင့် ဈေးသွားသည်။ တစ်နေ့ဈေးသွားလျှင် နှစ်ရက်စာအတွက် အပြီးဝယ်လာသည်။ ငါးဟင်းနဲ့ တစ်နေ့စားပြီး ဟင်းသီးဟင်းရွက်နဲ့ တစ်နေ့စာ မျှဝေပြီး ကျွန်တော်ဝယ်လိုက်သည်။ တစ်နေ့ဈေးသွားလျှင် ငွေတစ်ကျပ်ဖိုးဝယ်သည်။ လယ်ငါးကလေးခြောက်ခြောက်လေးချက်ပြီးသား ပြား ၅၀ (ငါးမူး) ဖိုး။ လယ်ငါးကလေး (ငါးကလေးဟင်း) မှာ ချဉ်၊ ငန်၊ စပ်ချက်ထားသောဟင်းပင်ဖြစ်သည်။ ကျောက်ဖြူမြို့ပတ်ဝန်းကျင်လယ်သူမများသည် မနက်လေးနာရီလောက်ပင် ဈေးသို့ခြေကျင်လျှောက်လာကြသည်။ မနက်ပိုင်း ဈေးခင်းသည်ဆိုလျှင် မြေအိုးလေးနဲ့ အရည်ခန်းချက်ထားသော ငါးခြောက်ခြောက်ဟင်းလေးကို ဖက်ပေါ်မှာ ဖြန့်ခင်းပြီး တစ်မတ် (၂၅ ပြား) ဖိုးစီရောင်းသည်။ ကျွန်တော် ကနှစ်ပုံ၊ (၅ မူး) (ပြား ၅၀) ဖိုးစီဝယ်ပြီး မနက်စာတစ်ထပ်၊ ညနေစာတစ်ထပ်စားသည်။ နောက်တစ်နေ့အတွက်ကိုမူ ခရမ်းသီး ပြား ၄၀ ဖိုးဝယ်ပြီး ငရုတ်သီးစိမ်းက ၁၀ ပြားဖိုးဝယ်သည်။ ခရမ်းသီးကို ခွဲခြမ်းပြီး ငရုတ်သီးစိမ်းနှစ်ခြမ်းခွဲ မှျင်ငါးပိနှင့်ဆားထည့်ပြီး ချက်သည်။ အရည်လေးမခန်းတခန်းလောက်မှာ ခပ်ယူလိုက်သည်။ ရခိုင်ဟင်းလှော်ဟုခေါ်သည်။ ထမင်းစားတော့ ခရမ်းသီးဟင်းတစ်ဝက်ကို မနက်စာ ထမင်းဖြူနဲ့ ရောနယ်ပြီးစားသည်။ ကျန်ဟင်းတစ်ဝက်ကို ညနေစာ စားသည်။ ဤသို့ဖြင့် တစ်နေ့မှာ (ငါးမူး) ဖိုးစီဈေးဝယ်ပြီး ထမင်းစားခြင်းအလုပ်ကို ကျွန်တော်လုပ်သည်။ ကျွန်တော်၏ ဝမ်းသမုဒ္ဒရာ အူအင်္ဂါကိစ္စကို ကျွန်တော် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းခြင်းပင်ဖြစ်ပေသည်။

ရှစ်တန်းကနေ ဆယ်တန်းထိ အထက်တန်းကျောင်းသားတစ်ဦးလျှင် ကျောင်းလခ ငါးကျပ်စီပေးရသည်။ ကျွန်တော့်မှာ အတန်းပိုင်ဆရာမက ကျောင်းလခကောက်ခံချိန်မျိုးတွင် အိမ်ကပိုက်ဆံရောက်မလာသေးလျှင် အခက်ကြုံရတော့သည်။ ဤတွင် ကျောင်းလခကောက်ခံသူ အတန်းပိုင်ဆရာမကို အားနာသဖြင့် ဘန်ကောက်ပုဆိုးကို တရုတ်အပေါင်ဆိုင်တွင် သွားပေါင်ရာ ငါးကျပ်ရသဖြင့် အဆင်ပြေသွားသည်။ အဖေ၊ အမေတို့ဆီက ပိုက်ဆံရောက်လာလျှင် ပြန်ရွေးထားသည်။ အပေါင်ဆိုင်သို့ ပုဆိုးပေါင်သွားတုန်းက ကျွန်တော့်မှာ ရှက်လွန်း၍

> **''ဘန်ကောက်ပုဆိုးသည် ထိုအချိန်အခါက ကျွန်တော်တို့ကျေးလက်တောရွာများတွင် လူပျိုရွယ်ရောက်လာလျှင် မဖြစ်မနေလိုအပ်လှပေသည်။ အကြောင်းမူကား နွေရာသီစပါးပေါ်ချိန် ငွေပေါ်ချိန်များဆိုလျှင် လူပျိုကာလသားများသည် ညနေခင်းများတွင် ဟန်ရေးပြပြီး ရွာလမ်းတွင် အပြောင်းပြောင်းအပြန်ပြန်လျှောက်ကြသည်။ ဤသို့လမ်းလျှောက်ချိန်တွင် ခြေလှမ်းကို ခပ်ကျယ်ကျယ်လှမ်းပြီး လျှောက်ရသည်။ ဤသို့ ခြေလှမ်းကျယ်ကြီးနဲ့ ခပ်သွက်သွက်လမ်းလျှောက်မှသာ ဘန်ကောက်ပုဆိုးမှ ထွက်ပေါ်လာသည့်မြည်သံသည် တခွမ်းခွမ်းမြည်ပြီး အသံခပ်ကျယ်ကျယ်ထွက်သည်။ သို့မှသာလျှင် မိန်းမပျိုများက ဘန်ကောက်ပုဆိုးသံ ခပ်ကြမ်းကြမ်းနဲ့ လမ်းလျှောက်လာသော ကိုကိုမောင်မောင်တို့မှာ မည်သူဖြစ်သလဲဟု အိမ်ပေါ်က လှမ်းကြည့်လေ့ရှိသည်. . .''**

အပေါင်ဆိုင်နားအရောက်တွင် ဘေးဘယ်ညာကြည့်ပြီး လူရှင်းမှသာ သုတ်ခနဲဝင်သည်။ ပြန်ထွက်လျှင် လမ်းမပေါ်မှာ လူရှင်းမှထွက်သည်။ ကျွန်တော့်အတွက် မလွဲမရှောင်သာလို့ အရဲစွန့်ပြီးဆောင်ရွက်လိုက်ရသော စွန့်စားခြင်းတစ်ခုပင်ဖြစ်ပေသည်။ ကျွန်တော် ဤသို့ ပုဆိုးပေါင်ရသည်ကို အဖေနှင့်အမေတို့အား လုံးဝအသိမပေးရဲပေ။ ကျွန်တော့်အတွက်ကြောင့် အဖေနှင့်အမေ စိတ်ထိခိုက်မှုမျိုး လုံးဝမဖြစ်စေလိုခြင်းမှာ ကျွန်တော်၏ရင်တွင်းဆန္ဒပင်ဖြစ်သည်။

ဘန်ကောက်ပုဆိုးသည် ထိုအချိန်အခါက ကျွန်တော်တို့ ကျေးလက်တောရွာများတွင် လူပျိုရွယ်ရောက်လာလျှင် မဖြစ်မနေလိုအပ်လှပေသည်။ အကြောင်းမူကား နွေရာသီစပါးပေါ်ချိန် ငွေပေါ်ချိန်များဆိုလျှင် လူပျိုကာလသားများသည် ညနေခင်းများတွင် ဟန်ရေးပြပြီး ရွာလမ်းတွင် အပြောင်းပြောင်းအပြန်ပြန်လျှောက်ကြသည်။ ဤသို့ လမ်းလျှောက်ချိန်တွင် ခြေလှမ်းကိုခပ်ကျယ်ကျယ်လှမ်းပြီး လျှောက်ရသည်။ ဤသို့ ခြေလှမ်းကျယ်ကြီးနဲ့ ခပ်သွက်သွက်လမ်းလျှောက်မှသာ ဘန်ကောက်ပုဆိုးမှ ထွက်ပေါ်လာသည့်မြည်သံသည် တခွမ်းခွမ်းမြည်ပြီး အသံခပ်ကျယ်ကျယ်ထွက်သည်။ သို့မှသာလျှင် မိန်းမပျိုများက ဘန်ကောက်ပုဆိုးသံခပ်ကြမ်းကြမ်းနဲ့ လမ်းလျှောက်လာသော ကိုကိုမောင်မောင်တို့မှာ မည်သူဖြစ်သလဲဟု အိမ်ပေါ်က လှမ်းကြည့်လေ့ရှိသည်။ လူပျိုကိုကိုမောင်မောင်တို့မှာ ဘန်ကောက်ပုဆိုးသာဝတ်သည်မဟုတ် အင်္ကျီပါးလေးကိုလည်း ဝတ်ဆင်ကြသည်။ အင်္ကျီပါးအိတ်ကပ်ထဲတွင် ငွေစက္ကူငါးကျပ်တန်၊ ၁၀ တန် စသည်တို့ကို ထည့်ထားတတ်ကြသည်။ ယင်းခေတ်က ဆင်ရုပ်ကလေးနဲ့ အပြာရောင်ငွေစက္ကူ ၁၀ ကျပ်တန်မှာ တန်ဖိုးအမြင့်ဆုံးပင်ဖြစ်သည်။ ငါးကျပ်တန်မှာ ဒုတိယတန်ဖိုးအမြင့်ဆုံးဖြစ်သည်။ ငါးကျပ်တန်တွင် ဗိုင်းငင်နေသော မြန်မာမိန်းကလေးပုံပါသည်။

၁၉၆၃ ခုနှစ်တွင် ကျွန်တော့်မှာ ခုနစ်တန်းအောင်ပြီး အထက်တန်းကျောင်းသားဘဝရောက်ချိန်တွင် လူပျိုပေါက်လိုလိုဖြစ်နေပေရာ အဖေက ကျွန်တော့်ကို သူများသားသမီးလို ဘန်ကောက်ပုဆိုးဝတ်ပြီး ရွာလမ်းမှာလျှောက်စေလိုတာကြောင့် ကြိုးစားပြီးဝယ်ပေးထားခြင်းပင်ဖြစ်သည်။ ကျွန်တော်သည်လည်း ရွာကာလသားစာရင်းဝင်သဖြင့် တခြားလူပျိုများလို ဘန်ကောက်ပုဆိုးဝတ်ပြီး လမ်းလျှောက်ဖူးခဲ့ပါ၏။ ကျွန်တော့် ဘန်ကောက်ပုဆိုးမှာ ရွှေအိုရောင်လေးဖြစ်သည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့က ရက်ငင်ခြင်းဖြစ်၍ ဘန်ကောက်ပုဆိုးဟုခေါ်ကြခြင်းပင်ဖြစ်ပေ၏။ ထူထူထဲထဲကြီးဖြစ်သည်။ အကြမ်းဝတ်ပစ်လို့ရသည့် အထည်မျိုးမဟုတ်သဖြင့် ကုန်သွားသည်ဟူ၍ပင်မရှိပေ။ တချို့ငွေကြေးချောင်လည်သော သားသမီးများဆိုလျှင် အရောင်ကွဲဖြင့် နှစ်ထည်၊ သုံးထည်ထိ ရှိတတ်ကြသည်။ ကျွန်တော့်ပုဆိုးက ၁၉၆၅ ခုနှစ်က ဝယ်ထားခဲ့ရာ ယခု ၂၀၂၂ ခုနှစ်ဆိုလျှင် နှစ်ပေါင်း ၅၇ နှစ်ရှိပေပြီ။ ယနေ့ထိတိုင် သေတ္တာထောင့်လေးမှာရှိနေတုန်းပင်ဖြစ်သည်။

အတန်းပိုင်ဆရာမ ဒေါ်စောရည်သည် ကျွန်တော့်အပြုအမူအနေအထိုင်ကိုကြည့်ပြီး တစ်ခုခုခံစားရလေလား သို့မဟုတ် ဆရာ့မေတ္တာဖြင့် တပည့်ချစ်စိတ်ရှိလို့ပေလားမသိ။ လကုန်လို့ ကျွန်တော် ကျောင်းလခပြေပြေလည်လည်မသွင်းနိုင်သည့်လများဆို ဆရာမ စိုက်သွင်းပေးထားသည်။

"မောင်ဘညွန့်အတွက် ကျောင်းလခကို ဆရာမ စိုက်ပေးထားတယ်။ အရေးမကြီးဘူး၊ အဆင်ပြေမှပေးပါ ရပါတယ်"

ဆရာမ၏မေတ္တာစကားသံက ကျွန်တော့်ရင်ထဲ ထိလှပါသည်။ မိမိဘဝနှင့် ဆရာမမေတ္တာသည် ကူးလူးမှုမေတ္တာတံတားကလေးဖြစ်၍ အတန်းပိုင်ဆရာမ ဒေါ်စောရည်ကို လေးစားမက လေးစားမိပေသည်။ ကျွန်တော်သည် မည်သည့်အခြေအနေမျိုးရောက်နေပါစေ ပိုက်ဆံလိုသည်ဆိုပြီး အဖေနှင့်အမေဆီ မှာသည်ဟူ၍ မရှိပေ။ အိုးမှာထည့်ချက်ဖို့ဆန်ရှိလျှင်ပြီးပြီဟု ကျွန်တော်ခံယူထားသည်။

**ဆက်လက်ဖော်ပြပါမည်။**

# မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(ရုံးချုပ်) အဆောက်အအုံနှင့် ဇလပ်ဝါပလာဇာဖွင့်လှစ်

**နေပြည်တော်　ဩဂုတ်　၃၀**

မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်(ရုံးချုပ်) အဆောက်အအုံနှင့် ဇလပ်ဝါပလာဇာ ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မန္တလေးလမ်းနှင့် ဇလပ်ဝါလမ်းရှိ အဆိုပါ ပလာဇာမျက်နှာစာ၌ ကျင်းပရာ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင် အဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် မှမန်နေးဂျင်းဒါရိုက်တာ၊ ဌာနကြီးမှူးများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြ သည်။






မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(ရုံးချုပ်) အဆောက်အအုံနှင့် ဇလပ်ဝါပလာဇာဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးစဉ်။

ရှေးဦးစွာ မြန်မာ့စီးပွားရေးဦးပိုင်အများ နှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(ရုံးချုပ်) အဆောက်အအုံနှင့် ဇလပ်ဝါပလာဇာအား မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင် သောကုမ္ပဏီလီမိတက်မှ မန်နေးဂျင်း ဒါရိုက်တာ ဦးမင်းဇော်၊ အထွေထွေအုပ်ချုပ် ရေးရာဌာနကြီးမှူး ဦးမောင်မောင်စိုး၊ ဝန်ဆောင်မှုလုပ်ငန်းများဌာနကြီးမှူး ဦးအောင်ရဲဝင်း၊ ဒါရိုက်တာအဖွဲ့ဝင် ဦးကျော်မျိုးဝင်းနှင့် နေပြည်တော်ကောင်စီ အဖွဲ့ဝင်ဗိုလ်မှူးကြီးရဲမိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ရုံးချုပ်)အဆောက်အအုံနှင့် ဇလပ်ဝါပလာဇာအား မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးမင်းဇော်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

ထို့နောက် မြန်မာ့စီးပွားရေးဦးပိုင်အများ နှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက မြန်မာ့ စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(ရုံးချုပ်)အဆောက်အအုံ နှင့် ဇလပ်ဝါပလာဇာဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်လာသည့်တာဝန်ရှိသူ များနှင့်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်း အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့် တာဝန်ရှိသူများက မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ရုံးချုပ်နှင့် ဇလပ်ဝါပလာဇာအဆောက်အအုံ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ဖြင့်ပက်ဖျန်းပေးပြီး အခမ်းအနားအား ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိ သည်။

အဆိုပါ ဇလပ်ဝါပလာဇာသည် နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မန္တလေးလမ်း နှင့် ဇလပ်ဝါလမ်းထောင့်တွင် တည်ရှိပြီး စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးနှင့် ဆေးပစ္စည်း၊ ကျောက်မျက်ရတနာ၊ အဝတ် အထည်၊ စာရေးကိရိယာ၊ နိုင်ငံခြားအစား အစာနှင့် ရိုးရာအစားအသောက်များ၊ Cosmetic ဆိုင်ရာများ၊ အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းဆိုင်များ၊ ကျန်းမာရေးအထောက်အကူပြုစက်ပစ္စည်း များ၊ အီလက်ထရွန်နစ်ပစ္စည်းများကို တစ်နေရာတည်း၌ ပြီးပြည့်စုံစွာ ဝယ်ယူနိုင် သည့်အပြင် ခေတ်မီကလေးကစားကွင်း များပါဝင်ကာ အခမ်းအနားများပြုလုပ်နိုင် သည့် ခန်းမလည်းပါဝင်ကြောင်း သိရသည်။ အဆိုပါပလာဇာအား နေ့စဉ်နံနက်၉ နာရီမှ ည ၉ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထား ကြောင်း သိရသည်။ (၁၀၀)



မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာသည့်တာဝန်ရှိသူများနှင့် စုပေါင်းအမှတ်တရဓာတ်ပုံရိုက်စဉ်။

# (၁၈)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်မှ ၂၉ ရက်အထိ လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ကျင်းပသော (၁၈)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (18th ASEAN Ministerial Meeting on Transnational Crime and its Related Meetings – 18th AMMTC) သို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုခဲ့ကြပါသည်။

(၁၈)ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့ရှိ Latsavong Wanda Vista ဟိုတယ်၌ ဩဂုတ်လ ၂၈ ရက်၊ နံနက် ၈ နာရီခွဲတွင်ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ဝန်ကြီးအဆင့်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ စုစုပေါင်း ၂၀၀ ဦးခန့်တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် လာအိုနိုင်ငံတော်သီချင်းနှင့် အာဆီယံသီချင်းတို့အား ဖွင့်လှစ်ခြင်းနှင့် အာဆီယံဒေသတွင်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့သူများအတွက် တစ်မိနစ်ခန့် ငြိမ်သက်ခြင်း၊ အာဆီယံ ၁၀ နိုင်ငံမှ AMMTC ခေါင်းဆောင်/ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တစ်ဦးချင်းမိတ်ဆက်ခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn က အမှာစကားပြောကြားခြင်း၊ အိမ်ရှင်လာအိုနိုင်ငံ၏ AMMTC ခေါင်းဆောင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်ကြီး Vilay Lakhamphong က အဖွင့်အမှာစကားပြောကြားခြင်းတို့ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးတက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြပါသည်။

(၁၈)ကြိမ်မြောက် AMMTC အစည်းအဝေးကို ဩဂုတ်လ ၂၈ ရက်၊ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၀ မိနစ်တွင် Latsavong Wanda Vista ဟိုတယ်၊ State Hall ၌ စတင်ကျင်းပရာ အိမ်ရှင် လာအိုနိုင်ငံ AMMTC ခေါင်းဆောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ အာဆီယံလူဝင်မှုကြီးကြပ်ရေးဌာနများ၏ ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာအကြီးအကဲများ၏ (၂၇)ကြိမ်မြောက် အစည်းအဝေးရလဒ်များကို ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြပါသည်။

ထို့နောက် AMMTC ခေါင်းဆောင်/ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြရာ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်က မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာတစ်ဝန်းရှိ ပြည်သူသန်းပေါင်းများစွာ၏ ဘဝများကို ဆိုးရွားစွာထိခိုက်စေသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုသည် နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်ရေးနှင့်တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့နှင့် တစ်နည်းတစ်ဖုံဆက်စပ်နေပါကြောင်း၊ မြန်မာအာဏာပိုင်များအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ Precursor chemical များ စီးဆင်းမှုကိုထိန်းချုပ်ရန် စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်နေပါကြောင်း၊ သို့ရာတွင် နယ်စပ်ဒေသများမှတစ်ဆင့် စီးဝင်နေသော တရားမဝင်ဓာတုပစ္စည်းများအား ထိန်းချုပ်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါကြောင်း၊ မြန်မာနိုင်ငံသည် Precursor chemical များကို မထုတ်လုပ်နိုင်သော်လည်း အဆိုပါဓာတုပစ္စည်းများသည်နယ်စပ်တစ်လျှောက်ရှိ မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာများသို့ လမ်းကြောင်းအမျိုးမျိုးဖြင့်တရားမဝင်ဝင်ရောက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းအချို့က မူးယစ်ဆေးဝါးလုပ်ငန်းများတွင် ပါဝင်ပတ်သက်မှုမရှိကြောင်းငြင်းဆိုထားသော်လည်း လက်တွေ့တွင်မူ ၎င်းတို့၏ ထိန်းချုပ်နယ်မြေများအတွင်းသို့ ဓာတုပစ္စည်းများ တရားမဝင်တင်သွင်းနေပြီး ပြည်ပဓာတုပညာရှင်များ၏ အကူအညီဖြင့် မူးယစ်ဆေးဝါးများချက်လုပ်နေကြပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအထူးစစ်ဆင်ရေးများကို (၄၀)ကြိမ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Operation 39 ကို ဆောင်ရွက်ခဲ့ပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့်ဓာတုပစ္စည်းနှင့် မူးယစ်ဆေးဝါးအမြောက်အမြားကို အောင်မြင်စွာ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ သို့ဖြစ်၍ Operation 39/24 ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာတစ်ဝန်းဖြန့်ကြက်နိုင်သော မူးယစ်ဆေးဝါး၏ သဘောသဘာဝကို အသိအမှတ်ပြုကာ အစိုးရများအကြား၊ အဖွဲ့အစည်းများအကြား၊ လူ့အသိုင်းအဝိုင်းများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းစေရန်နှင့် သက်သေအထောက်အထားအခြေပြုမဟာဗျူဟာများရေးဆွဲချမှတ်အကောင်အထည်ဖော်နိုင်ရန် မိမိတို့အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့အကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထို့ပြင် အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများတွင် လုပ်ကိုင်စေရေးအတွက် အတင်းအဓမ္မတွန်းအားပေးလုပ်အားခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးမှုကျူးလွန်ခြင်းသည် လမ်းကြောင်းသစ်တစ်ရပ်အဖြစ် ပေါ်ထွက်လာနေပါကြောင်း၊ ကွန်ရက်ကို ခိုင်ခိုင်မာမာချိတ်ဆက်ထားသော ဒုစရိုက်ဂိုဏ်းအုပ်စုများသည် ဒေသအတွင်းတွင် ဆိုက်ဘာလိမ်လည်မှုစင်တာများကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အွန်လိုင်းလိမ်လည်မှုများနှင့်အွန်လိုင်းလောင်းကစားမှုများကို စဉ်ဆက်မပြတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကူညီရှာဖွေကယ်တင်ပေးနိုင်ရန် ပြည်ပနိုင်ငံများမှ အကူအညီတောင်းခံထားသူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်များအကြား ပူးပေါင်းပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိရာ ရလဒ်များအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်အထိ (၅၄၃၇၃) ဦး ကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းတို့အနက် (၅၂၁၆၄) ဦးကို တရုတ်နိုင်ငံသို့လည်းကောင်း၊ (၁၉၉၂) ဦးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့လည်းကောင်း ပြန်လည်လွှဲပေးခဲ့ပြီးဖြစ်ပါကြောင်း၊ လေ့လာဆန်းစစ်ချက်အရ အဆိုပါကယ်ဆယ်ခံရသူများအနက် ၁၀ ရာခိုင်နှုန်းသာ တရားဝင် ဝင်ရောက်ကြသူများဖြစ်ပြီး ကျန် ၉၀ ရာခိုင်နှုန်းမှာ တရားမဝင်ဝင်ရောက်သူများဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတို့ကို တားဆီးနှိမ်နင်းနိုင်ရန်အတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါပြစ်မှုများပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန်နှင့် ပြစ်မှုများလျော့နည်းပပျောက်စေရန်အတွက် နိုင်ငံတော်အစိုးရသည် "ငွေကြေးလိမ်လည်မှုများအား အချိန်မီတားဆီးရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Action Task Force)" ကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာအာဏာပိုင်များသည် အဆိုပါအွန်လိုင်းအခြေပြုပြစ်မှုများတွင် ပါဝင်ပတ်သက်နေသူများအား ဖမ်းဆီးအရေးယူခြင်းဖြင့် ပြတ်ပြတ်သားသားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါဖမ်းဆီးရမိမှုဖြစ်စဉ်များအပေါ် စိစစ်ချက်အရ ပြည်ပနိုင်ငံသားများက အွန်လိုင်းလိမ်လည်သည့် ဂိုဏ်းအုပ်စုများ၏ နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်နေကြောင်း၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများသည် နိုင်ငံဖြတ်ကျော်သည့်သဘောသဘာဝရှိပါကြောင်း၊ ၎င်းတို့၏လုပ်ငန်းများကို နယ်စပ်ဖြတ်ကျော်ဖြန့်ခွဲလိုက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ တားဆီးနှိမ်နင်းမှုကို အလွယ်တကူရှောင်တိမ်းနိုင်ကြပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် အဆိုပါပြဿနာရပ်ကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အလို့ငှာ မူလနိုင်ငံများ၊ ဖြတ်သန်းနိုင်ငံများနှင့် ခရီးဆုံးနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်ရာတွင် Common and Shared Responsibility "မူ" ကို အခြေပြုကြရမည်ဖြစ်ပါကြောင်း၊ အင်တာနက်နှင့် အွန်လိုင်းဆက်သွယ်ရေးနည်းပညာများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသရွေ့ အွန်လိုင်းလိမ်လည်မှုများလည်း ရှိနေဦးမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုမရှိဘဲ အဖွဲ့အစည်းတစ်ခုတည်းက ဖြေရှင်းဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ အဖွဲ့အစည်းများ၏ ပူးပေါင်းမှုဖြင့် ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများသည် နယ်စပ်ဖြတ်ကျော်သည့် သဘောသဘာဝရှိသောကြောင့် မိမိတို့အနေဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း ဆွေးနွေးပါသည်။



(၁၈)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

ထို့နောက် (၁၈)ကြိမ်မြောက် AMMTC အစည်းအဝေးတွင် အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သဘောတရားစာတမ်း ၂ ခု၊ လမ်းညွှန်ချက် ၂ ခု၊ လုပ်ငန်းလမ်းညွှန် ၁ ခု၊ ကြေညာချက် ၂ ခုနှင့် ပူးတွဲကြေညာချက် ၅ ခုတို့ကို ဆွေးနွေးအတည်ပြုခဲ့ကြပါသည်။

အစည်းအဝေး ဒုတိယနေ့၊ ဩဂုတ်လ ၂၉ ရက်၊ နံနက် ၈ နာရီခွဲတွင် အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယားတို့နှင့် (၁၄)ကြိမ်မြောက် AMMTC + 3 အစည်းအဝေး၊ (၁၁)ကြိမ်မြောက် AMMTC + China အစည်းအဝေး၊ (၉)ကြိမ်မြောက် AMMTC + Japan အစည်းအဝေးနှင့် (၄)ကြိမ်မြောက် AMMTC + ROK အစည်းအဝေးတို့ကို အဆိုပါဟိုတယ်၌ ဆက်လက်ကျင်းပရာ (၉)ကြိမ်မြောက် AMMTC + Japan အစည်းအဝေးတွင် ဂျပန်နိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က

စာမျက်နှာ ၇ သို့ ⇨

# တိုက်ကြီးမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖလုံကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဃောသိတာရုံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄ ပါးနှင့် ဒေသခံပြည်သူ ၈၃ ဦးတို့ကို နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်က ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းက ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးက ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကလိန်အောင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

⇨ စာမျက်နှာ ၆ မှအဆက်

မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားမှုအပေါ် မြန်မာကိုယ်စားလှယ်က တုံ့ပြန်ပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အစည်းအဝေး၏ ရည်ရွယ်ချက်သည် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ရမည်ကို ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ အဆွေတော်၏ ယခုပြောကြားချက်သည် အခြားနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ပြောဆိုခြင်းဖြစ်၍ အစည်းအဝေး၏ရည်ရွယ်ချက်နှင့် လိုက်လျောညီထွေမရှိပါကြောင်း၊ အဆွေတော်တို့ ဂျပန်နိုင်ငံသည် အာဆီယံ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရာမှ ဆွေးနွေးဖက်နိုင်ငံတစ်နိုင်ငံဖြစ်လာပါကြောင်း၊ သို့ပါ၍ အဆွေတော်တို့အနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းနှင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း အသေးစိတ်စီမံချက် (၂၀၂၅)တို့၌ ပြဋ္ဌာန်းဖော်ပြထားသော အခြေခံစည်းမျဉ်းများ၊ မူဝါဒများကို လေးစားလိုက်နာရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် "အခြားနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရ" ဟူသော အချက်ပင်ဖြစ်ပါကြောင်း၊ သို့ပါ၍ အဆွေတော်အနေဖြင့် ယခုအစည်းအဝေး၏ အဓိကရည်ရွယ်ချက်များအပေါ်၌သာ အာရုံပြုပြောကြားပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားခဲ့ပါသည်။

(၁၈)ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများတွင် အတည်ပြုမည့် သဘောတရားစာတမ်းများ၊ လမ်းညွှန်ချက်များ၊ လုပ်ငန်းလမ်းညွှန်နှင့် ကြေညာချက်များအား ညှိနှိုင်းဆွေးနွေးနိုင်ရေးအတွက် အဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးများဖြစ်သော နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOMTC)၊ SOMTC + 3၊ SOMTC + China၊ SOMTC + Japan နှင့် SOMTC + ROK တို့ကို ဩဂုတ်လ ၂၇ ရက်၊ နံနက် ၈ နာရီခွဲတွင် အဆိုပါဟိုတယ်ရှိ အစည်းအဝေးခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ SOMTC ခေါင်းဆောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ ဌာနကြီးမှူး ယာယီရဲမှူးချုပ်ကျော်ဇေယျ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ (၁၀၀)

## ထူးခြားသည့် နေ့အပူချိန်များ

၂၀-၈-၂၀၂၄

| | | | | |
|---|---|---|---|---|
| မချမ်းဘော | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ခန္တီး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | | | | |
| မကွေး | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# သွေးချို ဆီးချိုရောဂါရှိသူများသတိပြုစရာ မျောက်ကျောက်ရောဂါ

**''သွေးချိုဆီးချိုရောဂါရှိသူများအတွက် မျောက်ကျောက်ရောဂါကူးစက်မှုကို ရှောင်ရှားရန် အကောင်းဆုံးလုပ်ဆောင်မှုမှာ ဗိုင်းရပ်စ်ပိုးကာကွယ်ရေးနှင့်ဆက်စပ်သော ကိုယ်ခံအားစနစ်ကိုမြှင့်တင်ရန် လိုအပ်ပါသည်။ ကိုယ်ခံအားမြှင့်တင်ပေးသည့် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကိုစားပါ။ ပရိုတင်းဓာတ်များသည် ကိုယ်ခံအားစနစ်ကိုတည်ဆောက်ရန်နှင့် ရောဂါပိုးများကိုတိုက်ထုတ်ရန်အတွက် လိုအပ်သောပဋိပစ္စည်းများကို ထုတ်လုပ်ရန်ကူညီပေးသဖြင့် ပရိုတင်းဓာတ်လုံလောက်စွာပါရှိသောအစားအစာများကို ပို၍စားသုံးပေးရန်လိုအပ်ပါသည်. . .''**

ယခုအခါ လူသားများတွင် မျောက်ကျောက်ရောဂါကူးစက်မှု လျင်မြန်စွာပျံ့နှံ့မှုကြောင့် ကမ္ဘာတစ်ဝန်းတွင် စိုးရိမ်ဖွယ်ရာအခြေအနေများ ဖြစ်ပေါ်လျက်ရှိပါသည်။ မျောက်ကျောက်ရောဂါ ပျံ့နှံ့လာခြင်း၏ သိသာထင်ရှားသောအချက်သည် ကမ္ဘာတစ်ဝန်း ဆီးချိုရောဂါဖြစ်ပွားမှုဦးရေ မြင့်မားလာပြီး ကျောက်ရောဂါကာကွယ်ဆေးကို ရပ်ဆိုင်းလိုက်ခြင်းကြောင့် ဖြစ်နိုင်ခြေရှိကြောင်းသုံးသပ်ချက်ရှိပါသည်။ ရောဂါပိုးနှင့် ထိတွေ့သူမည်သူမဆို ကူးစက်နိုင်သော်လည်း သွေးချိုဆီးချိုဝေဒနာရှင်များ၊ ကင်ဆာ သို့မဟုတ် ဓာတုကုထုံးခံယူနေသူများ၊ ခန္ဓာကိုယ်ခုခံအားစနစ်အားနည်းသူများ၊ အထူးသဖြင့် ကလေးသူငယ်များ၊ နှင်းခူရောဂါရာဇဝင်ရှိသူများနှင့် ကိုယ်ဝန်ရှိသူများသည် ပြင်းထန်သောမျောက်ကျောက်ရောဂါဖြစ်နိုင်ခြေရှိပါသည်။

သွေးချိုဆီးချိုရောဂါရှိသူများတွင် သွေးတွင်းဂလူးကို့စ်ပမာဏမြင့်မားခြင်းကြောင့် ခန္ဓာကိုယ်ရှိ ဗိုင်းရပ်စ်အာရုံခံကိရိယာများ၏ လုပ်ဆောင်မှု ချို့ယွင်းခြင်းနှင့်ဆက်စပ်၍ ဗိုင်းရပ်စ်ပိုးများ ကူးစက်ခံရနိုင်ခြေပိုများပါသည်။ ထို့ကြောင့် သွေးချိုဆီးချိုဝေဒနာရှင်များသည် ကိုဗစ်-၁၉ ရောဂါနှင့်မျောက်ကျောက်ဗိုင်းရပ်စ်ပိုးကူးစက်ခံရနိုင်ခြေများကြောင်း အကြံပြုထားသည်။ ထို့ပြင် သွေးတွင်းဂလူးကို့စ်ပမာဏကိုထိန်းချုပ်မှုမရှိပါက မျောက်ကျောက်ရောဂါကြောင့်ဖြစ်သည့် အရေပြားပေါ်ရှိ အနာများသည် ဗက်တီးရီးယားပိုးဝင်နိုင်သဖြင့် အနာမကျက်ဘဲ နောက်ဆက်တွဲပြဿနာများ ဖြစ်လာနိုင်သည်။ သွေးချိုဆီးချိုရောဂါရှိသူများ၏ သွေးတွင်းဂလူးကို့စ်ပမာဏမြင့်မားခြင်းကြောင့် သွေးကြောများအတွင်း အဆီများစုပုံလာပြီး သွေးကြောများကို ကျဉ်းစေသဖြင့် သွေးလည်ပတ်မှုလျော့နည်းစေသည်။ ရောဂါပိုးကူးစက်ခံရသည့်နေရာများတွင် သွေးစီးဆင်းမှုအားနည်းပြီး ခန္ဓာကိုယ်မှရောဂါပိုးများကို တိုက်ဖျက်နိုင်စွမ်းလျော့နည်းသဖြင့် ကုသရခက်ပါသည်။ ထို့ပြင် ရောဂါပိုးဝင်ခြင်း၊ အရေပြားရောင်ရမ်းခြင်း၊ အဖုများထွက်ခြင်းနှင့်နာကျင်ခြင်းကိုခံစားနေရသော စိတ်ဖိစီးမှုသည် သွေးတွင်းသကြားဓာတ်ပမာဏကို မြင့်တက်စေပြီး အန္တရာယ်များသော သွေးချိုဆီးချိုအဆိပ်တက်သောရောဂါ (Diabetic ketoacidosis ) ကိုဖြစ်စေနိုင်သည်။

မျောက်ကျောက်ရောဂါ ကုသမှုနည်းလမ်းများသည် ရောဂါလက္ခဏာများသက်သာရန်၊ နောက်ဆက်တွဲပြဿနာများဖြစ်ပွားနိုင်ခြေကိုလျော့ချရန်နှင့် ရေရှည်ဘေးထွက်ဆိုးကျိုးများကို ကာကွယ်ရန် ရည်ရွယ်ပါသည်။ ကူးစက်ခံရသောလူနာအများစုသည် ပြန်လည်ကောင်းမွန်လာကြသော်လည်း တချို့လူနာများတွင် မျောက်ကျောက်ရောဂါ၏နောက်ဆက်တွဲပြဿနာများဖြစ်သော အဆုတ်ရောင်ခြင်း၊ မျက်ကြည်လွှာပိုးဝင်ခြင်းကြောင့် အမြင်အာရုံဆုံးရှုံးခြင်း၊ အရေပြားပေါ်ရှိအနာများတွင် ဗက်တီးရီးယားပိုးဝင်ခြင်း၊ အစာမျိုရခက်ခြင်း၊ အော့အန်ခြင်းနှင့် ဝမ်းလျှောခြင်းတို့ကြောင့် ပြင်းထန်သော ရေဓာတ်ခန်းခြောက်ခြင်း၊ အာဟာရချို့တဲ့ခြင်း၊ နှလုံးရောင်ခြင်း၊ ဦးနှောက်ရောင်ခြင်း၊ ခန္ဓာကိုယ်အတွင်း ရောင်ရမ်းတုံ့ပြန်မှုနှင့် သွေးဆိပ်တက်ခြင်းအန္တရာယ်များကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် တချို့နိုင်ငံများတွင် ဗိုင်းရပ်စ်ပိုးသတ်ဆေးနှင့် ဗက်တီးရီးယားပိုးသတ်ဆေးများကိုသုံးစွဲကြသည်။

မျောက်ကျောက်ရောဂါ ကူးစက်ခံရသူများတွင် သွေးတွင်းသကြားဓာတ်မြင့်တက်ခြင်းနှင့် လျော့ကျခြင်းသည် ဗိုင်းရပ်စ်ကူးစက်မှု၊ ရောဂါပြင်းထန်မှုနှင့် နောက်ဆက်တွဲပြဿနာများဖြစ်ပွားမှုတို့နှင့် ဆက်စပ်မှုရှိသည်။ ထို့ကြောင့် မျောက်ကျောက်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း သွေးချိုဆီးချိုရောဂါရှိသူများအတွက် အန္တရာယ်ဖြစ်စေသောအချက်များကို ရှောင်ရှားနိုင်ရန်၊ သွေးတွင်းဂလူးကို့စ်ပမာဏကို အကောင်းဆုံးထိန်းချုပ်ရန် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အထွေထွေအာဟာရဖြည့်စွက်မှုတို့ လိုအပ်ပါသည်။ သွေးတွင်းဂလူးကို့စ်ပမာဏကို ထိန်းချုပ်ခြင်းသည် မျောက်ကျောက်ရောဂါဖြစ်နိုင်ခြေကိုလျော့ကျစေပြီး ရောဂါပိုးရှိသူလူနာများ၏ နောက်ဆက်တွဲသေဆုံးမှုနှုန်းကို လျှော့ချနိုင်သည်။ ထို့ကြောင့် ယခုကဲ့သို့ ရောဂါကူးစက်ပြန့်ပွားမှုကို စောင့်ကြည့်နေရသည့် အချိန်ကာလတွင် သွေးချိုဆီးချိုရောဂါရှိသူများသည် ဆရာဝန်ညွှန်ကြားထားသောဆေးများကို မှန်မှန်သောက်ရန်၊ အင်ဆူလင်ထိုးရသူလူနာများ ဆေးမှန်မှန်ထိုးရန်နှင့် သွေးတွင်းသကြားဓာတ်ကို နေ့စဉ်ပုံမှန်စစ်ဆေးရန် လိုအပ်ပါသည်။ သွေးတွင်းသကြားဓာတ်ပမာဏများလွန်းခြင်း သို့မဟုတ် နည်းလွန်းလျှင် ဆရာဝန်နှင့်ပြန်လည်ပြသ၍ ဆေးညှိရန် လိုအပ်ပါသည်။

**သွေးချိုဆီးချိုရောဂါကို အကောင်းဆုံးထိန်းထားနိုင်ရန် လိုအပ်ချက်များမှာ**

- မနက်စောစော အစာမစားမီ သွေးအတွင်းသကြားဓာတ်(Fasting) ၈၀ – ၁၃၀ mg/dl
- အစာစားပြီး နှစ်နာရီအကြာ သွေးအတွင်းသကြားဓာတ်( 2 hours Postprandial) ၈၀ – ၁၈၀ mg/dl
- HbA1C ခေါ် သုံးလအတွင်း ပျမ်းမျှသကြားဓာတ် ၇ ရာခိုင်နှုန်းနှင့်အောက်

**ဗိုင်းရပ်စ်ပိုးကူးစက်မှုနှင့် ဆီးချိုသောက်ဆေးများ၏အာနိသင်**

တချို့သော သွေးချိုဆီးချိုသောက်ဆေးများသည် သွေးတွင်းဂလူးကို့စ်ပမာဏကို ထိန်းညှိပေးနိုင်သည့်အပြင် ဗိုင်းရပ်စ်ပိုးဆိုင်ရာ ဇီဝဖြစ်ပျက်မှုကို ထိန်းချုပ်နိုင်ကြောင်း တွေ့ရှိရသည်။ အမျိုးအစား(၂) သွေးချိုဆီးချိုရောဂါရှိသူများကုသရာတွင် အသုံးပြုသောသောက်ဆေး Glimepiride နှင့် Glyburide သည် ဗိုင်းရပ်စ်ပိုးကူးစက်မှုအတွင်း ပြင်းထန်သောရောင်ရမ်းမှုများကို လျှော့ချပေးသည်။ လေ့လာမှုများအရ Evogliptin နှင့် Sitagliptin ကဲ့သို့သော DPP4 inhibitors ဆီးချိုသောက်ဆေးများသည် သွေးတွင်းဂလူးကို့စ်ပမာဏကိုလျှော့ချပေးသည့်အပြင် ဘက်ပေါင်းစုံမှရောင်ရမ်းမှုကိုလျှော့ချပေးသည့် အာနိသင်များကိုတွေ့ရှိခဲ့သည်။ တချို့သောလေ့လာမှုများတွင် DPP4 inhibitors သည် မွေးရာပါကိုယ်ခံအားစနစ်၏ လုပ်ဆောင်မှုကို ထိန်းညှိပေးပြီး ရောဂါပိုးများကို တုံ့ပြန်တိုက်ထုတ်ပေးသည့် အဓိကသွေးဆဲလ်များ ရှင်သန်ကြီးထွားမှုကို လှုံ့ဆော်ပေးခြင်းဖြင့် ကောင်းကျိုးဖြစ်စေကြောင်း တွေ့ရှိရသည်။

Thiazolidinedione သည် ခန္ဓာကိုယ်တွင်း ဂလူးကို့စ်ဇီဝဖြစ်ပျက်မှုကို ထိန်းညှိပေးသည်။ ဗိုင်းရပ်စ်ကူးစက်ခံရစဉ်အတွင်း ရောဂါပိုးများကို တုံ့ပြန်တိုက်ထုတ်ပေးသည့် အဓိကသွေးဖြူဥများ ထိခိုက်ပျက်စီးမှုမှ ဟန့်တားကာကွယ်ပေးသည်။ ဆီးချိုသောက်ဆေး Metformin သည် ခန္ဓာကိုယ်ရှိ မွေးရာပါကိုယ်ခံအားတုံ့ပြန်မှုနှင့် ပဋိပစ္စည်းထုတ်လုပ်မှုကို တိုးမြှင့်ပေးသည်။ Metformin ကို အသုံးပြုထားသော လက်တွေ့လေ့လာမှုများအရ ရာသီတုပ်ကွေးဖြစ်သော ဆီးချိုဝေဒနာရှင်များတွင် သွေးဖြူဥများလှုံ့ဆော်မှုနှင့် ပဋိပစ္စည်းထုတ်လုပ်မှု တိုးတက်ကောင်းမွန်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် Metformin ကို အသုံးပြုခြင်းသည် သွေးတွင်းဂလူးကို့စ်ပမာဏကို ကောင်းမွန်စေရုံသာမက ဗိုင်းရပ်စ်ပိုးကူးစက်ခံရစဉ်အတွင်း မွေးရာပါကိုယ်ခံအားတုံ့ပြန်မှုနှင့် အဓိကသွေးဆဲလ်များ တုံ့ပြန်မှုကို တိုးတက်ကောင်းမွန်စေရန်အတွက် အကျိုးကျေးဇူးများစွာရရှိစေပါသည်။ Empagliflozin ကဲ့သို့သော ဆီးချိုသောက်ဆေးများသည် ဂလူးကို့စ်များကို ဆီးမှစွန့်ထုတ်ပေးခြင်းဖြင့် သွေးတွင်းမြင့်တက်နေသော ဂလူးကို့စ်ပမာဏကို ကောင်းစွာထိန်းညှိပေးသည့်အပြင် ဗိုင်းရပ်စ်ပိုးများကူးစက်မှုကြောင့်ဖြစ်သော ပိုမိုပြင်းထန်သည့်ရောင်ရမ်းမှုကို ကာကွယ်ပေးသည်။

**သွေးချိုဆီးချိုရောဂါရှိသူများအတွက် ကြိုတင်ကာကွယ်ရန်နည်းလမ်းများ**

မျောက်ကျောက်ရောဂါသည် ရောဂါလက္ခဏာများ စတင်လာချိန်မှစ၍ အဖုနှင့်အနာဖေးများ ပျောက်သည့်အချိန်အထိ ရောဂါကူးစက်နိုင်ပါသည်။ ထို့ကြောင့် သွေးချိုဆီးချိုရောဂါရှိသူများသည် လူထူထပ်သောနေရာများသို့သွားခြင်းနှင့် လူစုလူဝေးကိုရှောင်ကြဉ်၍ ပြည်တွင်း၊ ပြည်ပခရီးသွားလာခြင်းကို ရှောင်ကြဉ်သင့်ပါသည်။ တိရစ္ဆာန်များနှင့် ထိတွေ့ခြင်း၊ နမ်းခြင်း၊ ပွေ့ဖက်ခြင်း၊ မျောက်ကျောက်ရောဂါကဲ့သို့ အဖုပေါက်သူများနှင့် အနီးကပ်ထိတွေ့ခြင်း၊ လိင်ဆက်ဆံခြင်းမှ ရှောင်ကြဉ်ပါ။ ရောဂါပိုးရှိသောတိရစ္ဆာန် သို့မဟုတ် လူနှင့်ထိတွေ့ထားသော အဝတ်များ၊ မျက်နှာသုတ်ပဝါများ၊ အိပ်ရာခင်းများ၊ စောင်များ သို့မဟုတ် တခြားပစ္စည်းများကို ကိုင်တွယ်ခြင်းမှရှောင်ကြဉ်ပါ။

ရောဂါပိုးရှိသူ သို့မဟုတ် တိရစ္ဆာန်နှင့်ထိတွေ့ပြီးနောက် လက်ကို ဆပ်ပြာနှင့်ရေဖြင့် ကောင်းစွာဆေးကြောပါ။ ဆပ်ပြာနှင့်ရေ မရရှိနိုင်ပါက အရက်ပြန်ပါသော လက်သန့်ဆေးရည်ကိုအသုံးပြုပါ။ နောက်ဆုံးထိတွေ့သည့်နေ့မှ ၂၁ ရက်ကြာသည်အထိ သီးခြားနေထိုင်၍ မျောက်ကျောက်ရောဂါ၏ လက္ခဏာများကို စောင့်ကြည့်ရပါမည်။ ခန္ဓာကိုယ်အရေပြားပေါ်မှာ အနီစက်များ၊ အဖုများ ပေါ်ပေါက်လာလျှင် သို့မဟုတ် မျောက်ကျောက်ရောဂါလက္ခဏာများရှိလျှင် နီးစပ်ရာကျန်းမာရေးဌာနများကို သတင်းပို့ပြီး ကုသမှုခံယူရန် လိုအပ်ပါသည်။

သွေးချိုဆီးချိုရောဂါရှိသူများအတွက် မျောက်ကျောက်ရောဂါကူးစက်မှုကိုရှောင်ရှားရန် အကောင်းဆုံးလုပ်ဆောင်မှုမှာ ဗိုင်းရပ်စ်ပိုးကာကွယ်ရေးနှင့် ဆက်စပ်သော ကိုယ်ခံအားစနစ်ကိုမြှင့်တင်ရန် လိုအပ်ပါသည်။ ကိုယ်ခံအားမြှင့်တင်ပေးသည့် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကိုစားပါ။ ပရိုတင်းဓာတ်များသည် ကိုယ်ခံအားစနစ်ကိုတည်ဆောက်ရန်နှင့် ရောဂါပိုးများကိုတိုက်ထုတ်ရန်အတွက် လိုအပ်သောပဋိပစ္စည်းများကို ထုတ်လုပ်ရန်ကူညီပေးသဖြင့် ပရိုတင်းဓာတ်လုံလောက်စွာပါရှိသော အစားအစာများကို ပို၍စားသုံးပေးရန်လိုအပ်ပါသည်။

ခုခံအားစနစ်ကို အားကောင်းစေသော ဗီတာမင်စီကြွယ်ဝသည့်သစ်သီးများနှင့် အစိမ်းရောင် ဟင်းသီးဟင်းရွက်များကို နေ့စဉ်တိုးမြှင့်စားသုံးရန် လိုအပ်ပါသည်။ အင်တီအောက်စီးဒင့်ကြွယ်ဝသော ဟင်းနုနယ်ရွက်၊ မုန်လာဥနီ၊ ပန်းဂေါ်ဖီစိမ်းများကို စားသုံးပေးရန်လိုအပ်ပါသည်။ ဗိုင်းရပ်စ်ပိုးများကို တိုက်ထုတ်ရာတွင် ကူညီပေးနိုင်သည့် ဗီတာမင်ဒီကြွယ်ဝသော ဆယ်လ်မွန်ငါး၊ နို့နှင့် ကြက်ဥများ၊ ဗီတာမင်ဒီ ဖြည့်စွက်စာများကိုလည်း လုံလောက်စွာစားသုံးရန်လိုအပ်ပါသည်။

အရက်အလွန်အကျွံသောက်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းသည် ခန္ဓာကိုယ်ခုခံအားစနစ်ကို အားနည်းစေသည့်အပြင် ရောဂါပိုးမွှားများ ဝင်ရောက်လာသည့်အခါ ခန္ဓာကိုယ်ခုခံအားစနစ်မှ တုံ့ပြန်မှုကိုလျော့နည်းစေနိုင်သဖြင့် ရှောင်ကြဉ်သင့်ပါသည်။

ကိုယ်ခံအားစနစ် အားကောင်းစေရန်အတွက် နေ့စဉ်အိပ်ရေးဝအောင်အိပ်စက်ရန် လိုအပ်ပြီး လုံလောက်သောအိပ်စက်ချိန် ၇နာရီ မှ ၉နာရီအထိ ရှိရန်လိုအပ်ပါသည်။ ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းသည် သွေးလည်ပတ်မှုကို အားကောင်းစေ၍ ရောဂါပိုးမွှားများကိုတိုက်ထုတ်ရန် လိုအပ်သော သွေးဖြူဥများထွက်ရှိမှုကိုမြှင့်တင်ပေးပြီး ကိုယ်ခံအားမြင့်တက်စေနိုင်သဖြင့် နေ့စဉ်ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ပေးရပါမည်။

တစ်ကိုယ်ရေသန့်ရှင်းမှုကိုထိန်းသိမ်းပါ။ လက်ကိုပုံမှန်ဆေးကြောခြင်းသည် ဖျားနာခြင်းမှကာကွယ်ရန် အကောင်းဆုံးနည်းလမ်းများထဲမှ တစ်ခုဖြစ်၍ ရောဂါပိုးမွှားများ ကပ်တွယ်မှုမရှိစေရန် တစ်ခုခုကိုကိုင်တွယ်ပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေဖြင့် စက္ကန့် ၂၀ ကျော်ကြာအောင်အချိန်ယူ၍ ပွတ်တိုက်ဆေးကြောပါ။ အထူးသဖြင့် အစာမစားမီ လက်ကိုဆပ်ပြာနှင့်ဆေးပါ။ လက်မဆေးဘဲ နှာခေါင်း၊ ပါးစပ်နှင့် မျက်နှာကို ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ပါ။ အပြင်ထွက်သည့်အခါ လက်သန့်ဆေးရည်ကို ဆောင်ထားပြီးအသုံးပြုပါ။ အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်းတပ်ပါ။ အိမ်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ပိုးသတ်ဆေးများကို စနစ်တကျ အသုံးပြုပါ။

သွေးချိုဆီးချိုရောဂါရှိသူ သို့မဟုတ် အတူနေမိသားစုဝင်တစ်ဦးတစ်ယောက်တွင် ခန္ဓာကိုယ်အရေပြားပေါ်၌ အနီစက်များ၊ အဖုများ ပေါ်ပေါက်လာလျှင် သို့မဟုတ် မျောက်ကျောက်ရောဂါလက္ခဏာများ ဖြစ်ပေါ်သည်ဟုသံသယရှိလျှင် ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်စစ်ဆေး၍ ကုသမှုခံယူရန်၊ ညွှန်ကြားချက်များကို လိုက်နာရန် လိုအပ်ပါသည်။

**ဒေါက်တာသိင်္ဂီကျော်**

# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (၁၈)ကြိမ်မြောက် ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်စင်တင် တင်ဆက်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဩဂုတ် ၃၀**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံသည် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (၁၈)ကြိမ်မြောက် ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်စင်တင် တင်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်း၊ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများသည် ပန်းချီပညာဌာနတွင် ပညာဆည်းပူးခဲ့ကြသည့် စတုတ္ထနှစ်ကျောင်းသား၊ ကျောင်းသူများက ဆီဆေး၊ ရေဆေး၊ Acrylic တို့ဖြင့်ရေးဆွဲထားသည့် ဂျိမ်းဖောပျို့ဖြူ၊ လင်းရိပ်သံသာ၊ အမရပူရခေတ် ဖွားတော်မူခန်း၊ လုံမပျိုငယ် ဗိုင်းငင်မယ်၊ ဘုရားအဖြစ်သို့ရောက်တော်မူခန်း၊ ရောင်စုံငှက်ငယ်၊ ခေတ်ငါးခေတ်မှတူစုံအလှ ပန်းချီကား၊ မဟာဝိဇ္ဇာတန်းမှ ကျောင်းသူများရေးဆွဲထားသည့် ချိုချိုချဉ်ချဉ်ရသာစုံလင်၊ သက်ငြိမ်အလှ(၁)၊ သက်ငြိမ်အလှ(၂)၊ ပြေပြစ်လှပခြင်း၊ ပျူရတနာ၊ ရတနာဆင့်ကာတင့်သည့်ညိုပြာ၊ ကိုးပါးရတနာ စသည့် ပန်းချီလက်ရာမွန် (၁၄)ကားနှင့် ပန်းပုပညာဌာနတွင်ပညာဆည်းပူးခဲ့ကြသည့် စတုတ္ထနှစ်ကျောင်းသားက ဖိုက်ဘာဖြင့်ပုံဖော်ထုဆစ်ထားသည့် သံစဉ်ပျို့၊ မဟာဝိဇ္ဇာတန်းကျောင်းသားက ပလာစတာဖြင့် ပုံဖော်ထုဆစ်ထားသည့် အဲလ်ဘတ်အိုင်းစတိုင်း၊ ပန်းတိုင် . . . သို့ စုစုပေါင်း ပန်းပုလက်ရာမွန်သုံးခုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကို သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ၏ စင်တင်တင်ဆက်မှုများဖြစ်သော ပြည်ကန်တော်အလှ နတ်မောင်နှမယိမ်းအက၊ ပဏာမသြော်ခံဂီတ သံ (အမျိုးသား+ အမျိုးသမီး မင်္ဂလာဆိုင်း)၊ တေးဂီတအမွေမန္တလာမြေ (လူချွန်လူကောင်း)၊ ပေါင်းစည်းခြင်းရဲ့အလှ၊ လှပစီရီ အကပန်းချီ ယိမ်းအက၊ ထိန်းသိမ်းစို့လေ ယဉ်ကျေးမှုအမွေ (ကျောင်းဆင်းဂုဏ်ပြုတေး-ဂီတ+သဘင်)၊ ကကြိုးစုံလင် မင်းသားအသွင်ယိမ်းအက၊ စည်းလုံးစွမ်းပကား တို့အင်အား (ရုပ်သေး)၊ စုစည်းတီးက သွေးချင်းအလှ (ဂီတ+သဘင်)၊ မင်းကနောင်နှင့် ချစ်ခြင်းမေတ္တာ၊ ဖြစ်ချင်အုံးဟဲ့ . . . မင်းသား (ပြဇာတ်)၊ ဆာယာအန္တိ (ကျောင်းဆင်းလက်ရာမွန်ဇာတ်ကား) တို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးနှင့် ဧည့်သည်တော်များက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများအား ကွင်းဆင်းကြည့်ရှု

**ရန်ကုန် ဩဂုတ် ၃၀**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာဌာနများမှ တာဝန်ခံနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအနောက်ပိုင်းမြို့နယ်ရှိ Gold Emperor Co.,Ltd. ဖိနပ်စက်ရုံနှင့် Universal Apparel Co.,Ltd. အထည်ချုပ်စက်ရုံ၊ မြန်မာစိုးစံဝင်းဖိနပ်စက်ရုံနှင့် Sen Yu Clothings Corporation Co.,Ltd. အထည်ချုပ်စက်ရုံတို့သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံတာဝန်ခံများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် စက်ရုံအလုပ်သမားအဖွဲ့အစည်းဝင်များ၊ လုပ်ငန်းခွင်ညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံများက လုပ်ငန်းခွင်အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များညှိနှိုင်းပေးခဲ့ပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု၍ လုပ်သားများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက CMP လုပ်ငန်းများအပါအဝင် စက်ရုံ၊ အလုပ်ရုံများဖွံ့ဖြိုးတိုးတက်စေရေး ကြီးကြပ်ရေးကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း၍ CMP လုပ်ငန်းစနစ်တကျရှိစေရေး ကြီးကြပ်ဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်ရုံအတွင်း အလုပ်သမားများ အေးချမ်းစွာလုပ်ကိုင်နေမှုအခြေအနေများကို ကြည့်ရှုအားပေး၍ စက်ရုံတာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ကြောင်းသိရသည်။

(၅၀၀)

# ကာကွယ်သမှု ကြိုတင်ပြု

❖ တိရစ္ဆာန်တွေ၊ ကိုင်တွယ်ချေက
မသွေကွယ်ကာ၊ သုံးရပါမည်
ဖျားနာနေသား၊ ထိုကောင်များကို
ရှောင်ရှားကာလေ ဝေးဝေးနေ။

❖ တစ်ကိုယ်ရေလည်း၊ သန့်ရှင်းမြဲနှင့်
သုံးစွဲ ဆပ်ပြာ၊ လက်ဆေးရာ၏
ခန္ဓာကိုယ်အား၊ ကာကွယ်ထား၍
မဖျားအောင်နေ စောင့်ရှောက်လေ။

❖ ဖျားသည့်အခါ၊ ဆစ်မျက်နာ၍
ခေါင်းပါ ကိုက်တတ်၊ သတိချပ်လော့
တုန်လက်ရင်တွေ၊ မောပန်းချေ၏
အရေပြားထက်၊ ရည်ဖုထွက်လာ
လက္ခဏာရပ်၊ တွေ့မြင်လတ်မူ
စမ်းသပ်ပါကြ၊ ဆေးခန်းပြ။
မျောက်ကျောက်ရောဂါ ဖြစ်တတ်စွ။

❖ သုံးပတ်အကြာ၊ ပြည်တည်နာသည်
သက်သာလာတတ်၊ အနာကပ်၏
ဖြစ်ရပ်သေချာ၊ ထိုရောဂါကို
ကာကွယ်သမှု၊ ကြိုတင်ပြုရန်
လူထုသိလေ၊ နှိုးဆော်ပေသည်
မာစေခပင်း ရှိစေမင်း။
မျောက်ကျောက်ရောဂါ ဝေးပကင်း။ ။

**ညွှန့်ဝင်း(နတ်တလင်း)**

● **ကျောဖုံးမှအဆက်**

နံနက် ၁၀ နာရီခွဲတွင် 7 Brother FC အသင်းနှင့် Yankin Brotherhood အသင်းတို့ကစားခဲ့ရာ 7 Brother FC အသင်းက ၅ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် MIU FC အသင်းနှင့် Shwe Pyi Thar United အသင်းတို့ကစားခဲ့ရာ MIU FC အသင်းက ၂၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် UPK FC အသင်းနှင့် Taw Win Nan FC အသင်းတို့ကစားခဲ့ရာUPK FC အသင်းက ၅ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် VUC FC အသင်းနှင့် Pacific Sun Far FC အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက ၉ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် Naka United အသင်းနှင့် Power HBI FC အသင်းတို့ကစားခဲ့ရာ Power HBI FC အသင်းက ၅ ဂိုး ၂ ဂိုးဖြင့်လည်းကောင်းအသီးသီးအနိုင်ရရှိခဲ့ပြီး Power HBI FC အသင်းမှ နိုင်လင်းထွန်းသည် ပွဲချိန် ၁၂ စက္ကန့်တွင် ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပြိုင်ပွဲသမိုင်းတစ်လျှောက် အမြန်ဆုံးသွင်းဂိုးအဖြစ်မှတ်တမ်းဝင်ခဲ့သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ်လ ၃၁ ရက် နံနက် ၉ နာရီတွင် M2K FC အသင်းနှင့် Let Wel Thone Nara အသင်း၊ နံနက် ၁၀ နာရီခွဲတွင် YCDC Marga FC အသင်းနှင့် Jullniss FC အသင်း၊ မွန်းတည့် ၁၂ နာရီတွင် Futsal Chit Thu FC အသင်းနှင့် M-Million FC အသင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် Seven FC အသင်းနှင့် Bushido Team အသင်း၊ ညနေ ၃ နာရီတွင် MH Dream Team အသင်းနှင့်YRG FC အသင်း၊ ညနေ ၄ နာရီခွဲတွင် Sar Bal Gyi Doh FC အသင်းနှင့် FCT Youth အသင်းတို့ဆက်လက်ကစားသွားမည်ဖြစ်ကြောင်းသိရသည်။

**စည်သူအောင်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့်ပတ်သက်၍လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနအကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးတာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လက်ရှိဖြစ်ပေါ်နေသောလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအခြေအနေအရ ဝန်အားထိန်းညှိရသဖြင့် အချိန်ပိုင်းဓာတ်အားပိတ်၍ ဓာတ်အားဖြန့်ဖြူးပေးနေရသောကြောင့် ဖြန့်ဝေသည့်အချိန်တွင် သတ်မှတ်ထားသည့်အချိန်တိုင်း တိကျစွာရရှိရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တစ်ဖက်တွင်လည်း ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးနှင့် ဓာတ်အားစနစ်တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့ကို ဟန်ချက်ညီ တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်မှုများအပေါ် အားလုံးမှတက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ထို့ပြင် ဓာတ်အားခကောက်ခံရာတွင်လည်း ရရှိသင့်သော နိုင်ငံတော်၏ဘဏ္ဍာငွေကို အလေအလွင့်မရှိစေရေး စနစ်တကျကောက်ခံသွားရန်နှင့် ဓာတ်အားခကြွေးကျန်များကိုလည်း ရာနှုန်းပြည့်ကောက်ခံရရှိရေး တွန်းအားပေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ဝယ်ယူခဲ့သည့် မီတာများကိုလည်း စမ်းသပ်စစ်ဆေးပြီး မြို့နယ်များသို့ အချိန်မီပို့ဆောင်၍ ပြည်သူလူထုအမြန်ဆုံးတပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်နှင့် မိမိတို့မြို့နယ်များအတွင်း တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ မရှိစေရေး၊ ဓာတ်အားခကြွေးကျန် အလွဲသုံးစားမှုများမဖြစ်စေရေး၊ မီတာဖတ်ရှုမှုအား မှန်ကန်စွာဖတ်ရှုသွားနိုင်ရေး၊ တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အသီးသီးပြန်လည်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၀

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများ ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဂုဏ်ထူးရထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့်ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းသည် အနာဂတ်နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်များကို လက်ဆင့်ကမ်းရယူကြမည့် ကျောင်းသား၊ ကျောင်းသူမျိုးဆက်သစ်များ၏ ကြိုးစားအားထုတ်မှုများကို အသိအမှတ်ပြုခြင်းဖြစ်သည့်အပြင် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာအောင် တိုက်တွန်းနှိုးဆော်လိုသည့် သဘောဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲတွင်ခြောက်ဘာသာဂုဏ်ထူး၊ ငါးဘာသာဂုဏ်ထူး၊ လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက သုံးဘာသာ




ဂုဏ်ထူး၊ နှစ်ဘာသာဂုဏ်ထူး၊ တစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က တက္ကသိုလ်ဝင်စာမေးပွဲကို ရိုးရိုးအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ထက်အောင်ခန့်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆုရကျောင်းသား၊ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများသည် နေပြည်တော်ရှိ အမျိုးသားပြတိုက်ကို ကြည့်ရှုလေ့လာပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများမှ ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး အပါအဝင် စုစုပေါင်းအောင်မြင်သူ ၇၁ ဦးဖြစ်၍ အောင်ချက်ရာခိုင်နှုန်း ၈၉ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း သိရသည်။ (၅၀၀)

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကုန်ရှိ ဘဏ်များ၏ ငွေရေးကြေးရေးခိုင်မာမှုအခြေအနေများအပေါ် ဆန်းစစ်ချက်များနှင့် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များအား အပြည့်အဝဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ် လမ်းညွှန်မှာကြားသည့် အစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၂၀

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံဘဏ်များအသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များနှင့် ဘဏ်များ၏ အမှုဆောင်အရာရှိချုပ်များကိုတွေ့ဆုံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှချမှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များအား အပြည့်အဝဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ် လမ်းညွှန်မှာကြားသည့် အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကုန်ရှိ ဘဏ်များ၏ ငွေရေးကြေးရေးခိုင်မာမှုအခြေအနေများအပေါ် ဆန်းစစ်ချက်များ၊ Financial Soundness Indicator များအားရှင်းလင်းခြင်း၊ ဘဏ်များကပြုပြင်ဆောင်ရွက်ရမည့်အချက်များ၊ Operational Risk နှင့် Credit Risk တို့အား အားကောင်းခိုင်မာစွာစီမံခန့်ခွဲနိုင်ရေး၊ ဘဏ်၏ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုဆိုင်ရာ အရာထမ်းများနှင့် အစုရှယ်ယာရှင်များအကြား Corporate Governance များ ပိုမိုအားကောင်းစေရေး၊ ထုတ်ပြန်ထားသည့်စည်းမျဉ်းများကိုလိုက်နာမှုအခြေအနေများ၊ နိုင်ငံခြားငွေ စီးဝင်/စီးထွက်မှုများတွင် စိစစ်ကြီးကြပ်သည့်အချက်များ၊ FATF အကြံပြုချက်များအပေါ် မြန်မာနိုင်ငံက အကောင်အထည်ဖော်လိုက်နာဆောင်ရွက်နေမှုများ၊ ဘဏ်များကသတင်းပေးပို့ဆောင်ရွက်ရာတွင် စိစစ်ရမည့်အချက်များ၊ ပြင်ပစာရင်းစစ်များခန့်အပ်မှုအခြေအနေများ၊ Digital Platform များတွင် Digital Payment များဆောင်ရွက်ရာ၌ စိစစ်ရမည့်အချက်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုအပ်သည့်အချိန်၌ ငွေကြေးမူဝါဒအရ အကောင်အထည်ဖော်ရာတွင် အတိုးနှုန်းသာမက အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အချိုးသတ်မှတ်ခြင်း (Reserve Requirement Ratio–RRR)၊ ပိုလျှံသီးသန့်ငွေအပေါ် အတိုးပေးခြင်း(Interest on Excess Reserve – IOER) များ ဆောင်ရွက်နေမှုများ၊ ၎င်းအပြင် Open Market Operation အရ လိုအပ်ပါက Monetary Note များကို Digital Platform တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသည့် သက်ဆိုင်ရာဘဏ်များကလည်း သိရှိလိုသည်များမေးမြန်းခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၀-၈-၂၀၂၄

| | |
|---|---|
| ဖျာပုံ | ၃ ဒသမ ၁၅ လက်မ |
| သာယာဝတီ | ၂ ဒသမ ၆၄ လက်မ |
| ရန်ကုန် (ဗိုလ်တထောင်မြို့နယ်) | ၂ ဒသမ ၅၅ လက်မ |
| ပိုင်ကျုံ | ၂ ဒသမ ၅၅ လက်မ |
| ကွမ်းခြံကုန်း | ၂ ဒသမ ၂၈ လက်မ |
| မော်လမြိုင်ကျွန်း | ၂ ဒသမ ၂၄ လက်မ |
| ရန်ကုန် (မရမ်းကုန်းမြို့နယ်) | ၂ ဒသမ ၁၇ လက်မ |
| ကြို့ပင်ကောက် | ၁ ဒသမ ၉၃ လက်မ |
| မြိတ် | ၁ ဒသမ ၉၃ လက်မ |
| ရွှေကျင် | ၁ ဒသမ ၈၉ လက်မ |
| ကိုကိုးကျွန်း | ၁ ဒသမ ၇၇ လက်မ |

# မကွေးတက္ကသိုလ် စာကြည့်တိုက်သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သွားရောက်ကြည့်ရှုအားပေး၊ စာအုပ်စာစောင်များပေးအပ်လှူဒါန်း



**မကွေး ဩဂုတ် ၃၀**

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မကွေးတက္ကသိုလ်စာကြည့်တိုက်သို့ သွားရောက်၍ကျောင်းသား၊ကျောင်းသူများ၏ စာအုပ်စာစောင်များဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ငှားရမ်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မကွေးတက္ကသိုလ် စာကြည့်တိုက်သို့ရောက်ရှိရာ စာကြည့်တိုက်တာဝန်ခံက အီလက်ထရွန်နစ်စနစ်ဖြင့် စာပြုလုပ်ငန်း၊ စာငှားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကာ ကျောင်းသား၊ ကျောင်းသူများ စာပေလေ့လာဖတ်ရှုနိုင်ရန်အတွက် လူထုသိပ္ပံကျမ်းများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် ဘွဲ့နှင်းသဘင်ခန်းမ၌ မကွေးမြို့ပေါ်ရှိ တက္ကသိုလ်/ကောလိပ် အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ **"တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှုအန္တရာယ်"** Video Clip၊ **"၂၀၂၄ ခုနှစ် ပြင်သစ်အိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားကျင်းပမှုမှတ်တမ်း"** နှင့် **"၂၀၂၄ ပြင်သစ် မသန်စွမ်းအိုလံပစ်ဖွင့်ပွဲအခမ်းအနား"** ဗီဒီယိုတို့ကိုပြသပြီး ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့အချိန်တွင် မသမာသူအဖျက်သမားများက မီဒီယာနည်းလမ်းများကို အသုံးပြု၍ သတင်းတု၊ သတင်းမှားများ ထုတ်လွှင့်ကာ ပြည်သူများအား အတွေးအမြင်လွဲမှားအောင်ဆောင်ရွက်နေကြကြောင်း၊ တစ်နည်းအားဖြင့် မီဒီယာကို အဆိပ်သင့်အောင် ဆောင်ရွက်၍ နိုင်ငံတော်ကို အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကမ္ဘာကြီး၏ ဖြစ်ပေါ်ပြောင်းလဲမှုများကိုလည်း နားလည်သိရှိထားရန်လိုအပ်ကြောင်း ပြောကြားကာ မကွေးမြို့ပေါ်ရှိတက္ကသိုလ်/ကောလိပ်များအတွက် DTH စလောင်းခြောက်စုံနှင့် DVB-T2 Set Top Box ၁၅ စုံတို့ကို ပေးအပ်လှူဒါန်းပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မကွေးတက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့အား တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပြုစုထားသည့် သုတေသနစာတမ်းများနှင့်ပတ်သက်၍ ဓာတုဗေဒဌာနမှ ပါမောက္ခ ဒေါက်တာမူမူမြစိန်က သီးထပ်သီးနှံများ စိုက်ပျိုးခြင်းဖြင့် မြေဆီအာဟာရဓာတ်များ ပြောင်းလဲမှုကိုလေ့လာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဓာတုဗေဒဌာနမှ ကထိက ဒေါက်တာအိအိသွင်က ကောက်ညှင်းဆန်အဖြူမှ ကစီဓာတ်ကိုအသုံးပြု၍ ဇီဝပလတ်စတစ်ဖလင်ကိုထုတ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရုက္ခဗေဒဌာနမှ ကထိက ဒေါက်တာနွယ်နွယ်က အကျိုးပြုအဏုဇီဝအရည်နှင့် EM ဘိုကာရှီမြေဩဇာသုံးစွဲမှုနှင့် နေကြာပင် အထွက်နှုန်းအပေါ် အကျိုးသက်ရောက်မှုကိုလေ့လာခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း စသည့်စာတမ်းများအား မိတ်ဆက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းမှုနှင့် သီးနှံများအထွက်တိုးရန် ဆောင်ရွက်နေမှုကို ဖြည့်စွက်ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ကဆောင်ရွက်နေသည့် MSME လုပ်ငန်းများ အောင်မြင်စေရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက မီဒီယာနည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အများပြည်သူ အနားယူအပန်းဖြေရန် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပေးထားသည့် ကန်သာမင်္ဂလာကန်တော် တည်ဆောက်ထားမှုအခြေအနေအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါကန်သာမင်္ဂလာကန်တော်သည် ယခင်က တိမ်ကောနေသောရေကန်ကြီးတစ်ခုဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က အများပြည်သူနှင့်သက်ဆိုင်သော၊ စိမ်းလန်းသာယာသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ စိတ်လက်ပေါ့ပါးစေသော၊ ခေတ်မီသပ်ရပ်သော အပန်းဖြေနေရာတစ်ခု ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မကွေးမြို့ ကမ်းနားလမ်းရှိ MSME လုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများခင်းကျင်းရောင်းချနေမှုနှင့် Night Market စီစဉ်ဖွင့်လှစ်၍ အများပြည်သူအပန်းဖြေနိုင်ရန် ဆောင်ရွက်ပေးထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ မကွေးတိုင်းဒေသကြီး၏ MSME လုပ်ငန်းများမှ ထုတ်လုပ်သည့်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ခြင်းနှင့် ဈေးနှုန်းသက်သာခြင်းများကြောင့် ပြည်သူများကြိုက်နှစ်သက်ကာ ဝယ်ယူအားပေးလျက်ရှိနေကြောင်း သိရသည်။

(ဖြဝ)

# ၂၀၂၄ ခုနှစ် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ကျင်းပသည့် ၂၀၂၄ ခုနှစ် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်အဖြစ် ဝန်ကြီးရုံးအသင်းနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန အသင်းတို့ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုဖူဆယ်အားကစားပြိုင်ပွဲတွင် ဝန်ကြီးရုံးနှင့် ဦးစီးဌာနလေးခုရှိ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းတို့မှ အားကစားသမားဝန်ထမ်းများက အားကစားစိတ်ဓာတ်ကို အရင်းခံ၍ တရားသောယှဉ်ပြိုင်ခြင်းဖြင့် စိတ်အားတက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြမှုကို အလွန်ပင် ဝမ်းမြောက်မိကြောင်းနှင့် အားကစားပြိုင်ပွဲများကို ပုံမှန်ကျင်းပနိုင်ရေးဖြစ်မြောက်အောင် တတ်အားသရွေ့ တာဝန်ရှိသူများအနေဖြင့် အဘက်ဘက်က ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန်ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲတွင် တတိယဆုရရှိသည့်အသင်းကို လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့်အသင်းကို အမြဲတမ်းအတွင်းဝန်ကလည်းကောင်း၊ ပထမဆုရရှိသည့်အသင်းကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။



(ဖြဝ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(ဖြဝ)

# ဥပဒေရေးရာဝန်ကြီးဌာန၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၃၀

ဥပဒေရေးရာဝန်ကြီးဌာန၏ (၃) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိအရာထမ်း၊ အမှုထမ်းများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းပေးလိုကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများနှင့်အတူ ကျင်းပရသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နောင်နှစ်များတွင်လည်း ယခုနှစ်ထက်ပိုမိုကောင်းမွန်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးအဆင့်ဆင့်၏ သုံးနှစ်တာလှုပ်ရှားဆောင်ရွက်မှု Video မှတ်တမ်းများကို ကြည့်ရှုကြပြီး ဝန်ကြီးဌာနမှ ဝန်ထမ်းများက အကအလှုတို့ဖြင့် ကပြဖျော်ဖြေကြသည်။ ယင်းနောက် ဥပဒေရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည့်အရာထမ်း၊ အမှုထမ်း ၅၅၀ အတွက် ဦးစီးဌာနများအလိုက်ဗလာမပါကံစမ်းမဲများ၊ အထူးမဲများ ပြုလုပ်၍ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်အပါအဝင် ရုံးအကြီးအမှူးများက အရာထမ်း၊ အမှုထမ်းများအားလုံးနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

(၅၀၀)

# စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၃၀

စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုဆွေးနွေးပွဲတွင် ပြည်တွင်းစက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များချိတ်ဆက်၍ဆောင်ရွက်နိုင်သည်များ၊ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များနှင့်ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနသည် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်နေသည့်အတွက် တာဝန်ရှိသူများအနေဖြင့် စက်မှုဇုန်များတည်ထောင်ခဲ့သည့် ရည်ရွယ်ချက်များကိုသိရှိမှသာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အမှားအနည်းဆုံးဖြင့် ဥပဒေ၊ နည်းဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုဇုန်များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖော်ဆောင်ရေး၊ မြို့နေပြည်သူများအတွက် လိုအပ်သည့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရေးတို့အတွက်ကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုဇုန်ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ ကော်မတီများနှင့် စက်မှုလုပ်ငန်းနှင့်စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဖွဲ့စည်းခြင်းဆိုင်ရာများကိုလည်းကောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် တည်ထောင်ခဲ့သည့် စက်မှုဇုန်များအခြေအနေ၊ ပြည်တွင်းစက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များ ချိတ်ဆက်ဆောင်ရွက်ရာတွင် လိုအပ်သည့်အချက်များ၊ အထူးစီးပွားရေးဇုန်များအတွက် အခြေခံအဆောက်အဦများ၏ အရေးပါမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးများက ဒေသအတွင်းရှိ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ၏အခြေအနေကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ကျောက်ဖြူအထူးစီးပွားရေးဇုန် ဒုတိယဥက္ကဋ္ဌက အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(၅၀၀)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၁၀ | ၃၁၈၅ | ၃၁၉၅ | ၃၂၁၀ | ၃၁၆၅ | ၃၂၉၀ | ၃၃၂၀ | ၃၁၇၀ | ၃၁၉၀ | ၃၂၂၀ | ၃၂၁၀ | ၃၂၂၀ | ၃၆၂၅ | ၅၅၀၀ |
| 95 Ron | ၃၂၄၀ | ၃၃၂၀ | ၃၂၉၅ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၁၀ | ၃၃၂၅ | ၃၃၅၅ | ၃၃၄၅ | ၃၃၅၅ | ၃၇၆၀ | ၅၇၀၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၃၅ | ၂၇၁၀ | ၂၆၆၅ | ၂၇၄၀ | ၂၇၅၀ | ၂၇၆၅ | ၂၇၂၀ | ၂၈၄၅ | ၂၈၇၅ | ၂၇၂၅ | ၂၇၄၀ | ၂၇၇၅ | ၂၇၆၀ | ၂၇၇၅ | ၃၁၈၀ | ၅၅၀၀ |
| HSD (50 ppm) | ၃၂၉၅ | ၃၃၈၀ | ၃၃၅၅ | ၃၃၀၅ | ၃၃၈၀ | ၃၃၉၀ | ၃၄၀၅ | ၃၃၆၀ | ၃၄၈၅ | ၃၅၁၅ | ၃၃၆၅ | ၃၃၈၀ | ၃၄၁၅ | ၃၄၀၅ | ၃၄၁၅ | ၃၈၂၀ | ၅၅၀၀ |
| HSD (10 ppm) | ၃၂၉၅ | ၃၃၈၀ | ၃၃၅၅ | ၃၃၀၅ | ၃၃၈၀ | ၃၃၉၀ | ၃၄၀၅ | ၃၃၆၀ | ၃၄၈၅ | ၃၅၁၅ | ၃၃၆၅ | ၃၃၈၀ | ၃၄၁၅ | ၃၄၀၅ | ၃၄၁၅ | ၃၈၂၀ | ၅၅၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၂ | ၃၀၃၅ |
| 95 Ron | ၃၀၇၄ | ၃၁၆၉ |
| HSD (500 ppm) | ၂၅၁၀ | ၂၅၈၉ |
| HSD (50 ppm) | ၃၁၃၁ | ၃၂၂၃ |
| HSD (10 ppm) | ၃၁၃၁ | ၃၂၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း
လုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃၀

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ၁ ပေခွဲကျော် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ၂ ပေခွဲခန့် (၇၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၁ ပေခန့် (၂၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့

လင်းအရုဏ်ဦး(ပဲခူး)

**▲ မိမိတို့၏အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အကျိုး၊ နိုင်ငံတော်အကျိုးကို ရေရှည်မြော်မြင်လျက် အနာဂတ်ဘဝများ သာယာလှပရေးအတွက်အဓိကကျသည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို မိဘပြည်သူတစ်ရပ်လုံးက ''အမျိုးသားရေးတာဝန်''အဖြစ်ခံယူကာ လက်တွဲညီညီအားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် . . .**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာကြည့်မည်ဆိုပါက ထိုနိုင်ငံ၏လူမှုစီးပွားရေးဆိုင်ရာစာရင်းအင်းအချက်အလက်များ ဆန်းစစ်ခြင်းဖြင့် သိရှိနိုင်သည့်အတွက် စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်စွာရရှိရေးသည် အလွန်အရေးကြီးသည်။ နိုင်ငံတိုင်း၌ လူမှုရေး၊ စီးပွားရေးစီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီဖွံ့ဖြိုးတိုးတက်ရန် မူဝါဒချမှတ်ခြင်း၊ စီမံကိန်းများသတ်မှတ်ရေးဆွဲခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များသည် အခြေခံအဖြစ်အသုံးပြုရသည်။ ထိုသို့အခြေခံအသုံးပြုရသည့်အချက်အလက်များကို သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့်သာ ရရှိနိုင်သည့်အတွက် ကမ္ဘာ့နိုင်ငံများအလိုက် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများလက်ထက် သာလွန်မင်းတရားနှင့်ဘိုးတော်ဘုရားတို့က စစ်တမ်းများကောက်ယူစေခဲ့ကြောင်းတွေ့ရသည်။ ထိုစစ်တမ်းများသည် ယနေ့ခေတ် သန်းခေါင်စာရင်းနှင့်အလားသဏ္ဍာန်တူသည်။ ပထမဆုံးသန်းခေါင်စာရင်းကောက်ယူခြင်းကို နယ်ချဲ့လက်အောက် ၁၈၇၂ ခုနှစ်တွင်ပြုလုပ်ခဲ့သည်။ ထို့နောက် ၁၈၈၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ၁၀ နှစ်လျှင်တစ်ကြိမ်စုစုပေါင်း ခုနစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူသည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံအစိုးရသည် ၁၉၅၃ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ အဆင့်များသတ်မှတ်၍ သန်းခေါင်စာရင်းကောက်ယူရန် စီမံကိန်းချမှတ်ခဲ့သော်လည်း ထိုသန်းခေါင်စာရင်းသည် မြန်မာနိုင်ငံအကျယ်အဝန်း၏ ရာခိုင်နှုန်း ၃၀ မျှသာ ကိုယ်စားပြုသဖြင့် ၁၉၆၁ ခုနှစ်တွင် ထပ်မံကောက်ယူရန်စီစဉ်ခဲ့သော်လည်း မကောက်ယူနိုင်ခဲ့ပေ။

ထို့နောက် ၁၉၇၃ ခုနှစ်ဧပြီလ ၁ ရက်မှ၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူခဲ့သလို ၁၀ နှစ်အကြာ ၁၉၈၃ ခုနှစ်တွင်လည်း ထပ်မံကောက်ယူနိုင်ခဲ့သည်။ နောက်ပိုင်းတွင်အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းမကောက်ယူနိုင်ဘဲ နှစ်ပေါင်း ၃၀ အကြာ ၂၀၁၄ ခုနှစ်သို့ရောက်မှသာ သန်းခေါင်စာရင်းပြန်လည်ကောက်ယူနိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာကောက်ယူနိုင်သည့်အတွက် နိုင်ငံတော်ကလိုအပ်နေသောစာရင်းအင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာရရှိခဲ့သည်။ ထို့အတူ ကြားဖြတ်သန်းခေါင်စာရင်းကိုလည်း ၂၀၁၉ ခုနှစ်တွင် အောင်မြင်စွာကောက်ယူနိုင်ခဲ့သဖြင့် စာရင်းအင်းအချက်အလက်အသုံးပြုနိုင်မှု ပိုမိုအားကောင်းလာခဲ့သည်။

နိုင်ငံတကာတွင် သန်းခေါင်စာရင်းကို ၁၀ နှစ်တစ်ကြိမ်ကောက်ယူသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူအပြီး ၁၀ နှစ်အကြာ ယခု ၂၀၂၄ ခုနှစ်တွင် ထပ်မံကောက်ယူသွားမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးလုပ်ငန်းတစ်ရပ်လုံး ပြီးမြောက်အောင်မြင်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၇၅/၂၀၂၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းထားပြီးဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရသည့် ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံ၏ တိကျမှန်ကန်သည့် လူဦးရေနှင့်လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီစဉ်ဆက်မပြတ်ရရှိစေရန်၊ ၂၀၁၄ ခုနှစ်နှင့်၂၀၂၄ ခုနှစ်ကြား မြန်မာနိုင်ငံ၏လူဦးရေနှင့်လူမှုစီးပွားဆိုင်ရာပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာသုတေသနပြုလုပ်ပြီး လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာများနှင့် နည်းဗျူဟာများကိုချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက်ချမှတ်ဆောင်ရွက်မည့် စီမံကိန်းများကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနှင့်အမျိုးသားဘက်စုံဖွံ့ဖြိုးရေးတိုးတက်မှုစီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်အညွှန်းကိန်းများကို နောက်ဆုံးအခြေအနေနှင့်အညီပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်၏စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန်တို့ပင်ဖြစ်သည်။

ယခုအခါ စမ်းသပ်သန်းခေါင်စာရင်းကို ရွေးချယ်သတ်မှတ်ထားသည့် မြို့နယ် ၂၀ မှ စာရင်းကောက်ကွက် ၁၀၀ ၌ ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်းကကောက်ယူခဲ့ရာ ရာနှုန်းပြည့်အောင်မြင်စွာကောက်ယူခဲ့ပြီးဖြစ်သည်။ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရာတွင် သန်းခေါင်စာရင်းမေးခွန်း ၆၈ ခုပါဝင်သည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် မေးခွန်း ၁၈ ခုပါဝင်သည့် အဖွဲ့အစည်းမေးခွန်းပုံစံများကို အသုံးပြုမေးမြန်းကောက်ယူခဲ့ခြင်းဖြစ်သည်။ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ စာရင်းကောက်ယူခြင်းလုပ်ငန်း၊ စာရင်းဇယားပြုစုခြင်းလုပ်ငန်း၊ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းလုပ်ငန်းဟူ၍လုပ်ငန်းအဆင့်(၄) ဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရန်အတွက် သန်းခေါင်စာရင်းရည်ညွှန်းချိန်ကို ၂၀၂၄ ခုနှစ်စက်တင်ဘာလ ၃၀ ရက်အား သတ်မှတ်ထားရာ သန်းခေါင်စာရင်းရည်ညွှန်းချိန်၏ နောက်တစ်ရက်ဖြစ်သော အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်နေ့အထိ ရက်ပေါင်း ၁၅ ရက်ကြာ တစ်နိုင်ငံလုံးတစ်ပြိုင်တည်းကောက်ယူမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်မှုသည် လူဦးရေစုစုပေါင်း ၅၆ သန်းကျော်ခန့်မှန်းအိမ်ထောင်စုပေါင်း ၁၃ သန်းခန့်ကို စာရင်းကွက်ပေါင်း ၁၁၀၀၀၀ ခန့်ခွဲကာ လျာထားသတ်မှတ်ဆောင်ရွက်ခြင်းဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် အိမ်တိုင်ရာရောက်လာရောက်ပြီး အိမ်ထောင်စုအလိုက် လူဦးရေနှင့် အိမ်အကြောင်းအရာအချက်အလက်များကိုလည်းကောင်း၊ အဖွဲ့အစည်းများထံသွားရောက်၍ အဖွဲ့အစည်းအလိုက် စာရင်းအင်းအချက်အလက်များကိုလည်းကောင်း မေးခွန်းများမေးမြန်းကောက်ယူသွားမည်ဖြစ်သည်။ အိမ်ထောင်စုများတွင်ရှိသော အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုကို ကိုယ်စားပြုသည့် အရွယ်ရောက်ပြီးသူတစ်ဦးက ဖြေကြားရန်ဖြစ်သည်။ ထိုသို့ဖြေကြားရာတွင် မေးခွန်းပါအချက်အလက်များအပေါ် တိတိကျကျမှန်မှန်ကန်ကန်ဖြေဆိုကြရေး အလွန်အရေးကြီးသည်။ မေးခွန်းများကို မှန်ကန်စွာဖြေကြားပေးမှသာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ရည်ရွယ်ချက်များ ပြည့်မီမည်ဖြစ်သည့်အတွက် အိမ်ထောင်စုများအလိုက်၊ အဖွဲ့အစည်းများအလိုက် အားတက်သရောပါဝင်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်။

အဖွဲ့အစည်းဟုဆိုရာတွင် ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ ပြုစုစောင့်ရှောက်ရေးဂေဟာများ၊ ဆေးရုံများ၊ အကျဉ်းထောင်များ၊ စစ်တန်းလျားများ၊ အိုးမဲ့အိမ်မဲ့ဖြစ်နေသူများ၊ မသန်စွမ်းကျောင်းများ၊ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေသူများစသည်ဖြင့် အစုအဖွဲ့လိုက်နေထိုင်ကြသူများကိုဆိုလိုပြီး အဖွဲ့အစည်း၏ တာဝန်ခံကို မေးမြန်းကောက်ယူသွားမည်ဖြစ်သည်။ သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များသည် လူတစ်ဦးချင်းစီမှ အဖွဲ့အစည်းလိုက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကိစ္စရပ်များအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ခံစားရသူများကယ်ဆယ်ရေးစသည့် ဘက်စုံ၊ ကဏ္ဍစုံအတွက်မဖြစ်မနေအခြေခံအသုံးပြုရမည့်အချက်အလက်များပင်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူတိုင်းပါဝင်ခွင့်ရသည့်တစ်ခုတည်းသော လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ပြည်သူတစ်ဦးချင်းစီက ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်းဆောင်ရွက်မှသာ အောင်မြင်ပြီးမြောက်မည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူရာမှ ရရှိသည့် အချက်အလက်များအရ ဒေသအလိုက်ဆရာအချိုးနှင့် ကျောင်းသားအချိုးချင့်ချိန်နိုင်ခြင်း၊ လိုအပ်သောကျောင်းအဆောက်အအုံ၊ သင်ထောက်ကူပစ္စည်းများဖြည့်တင်းခြင်း၊ ကျန်းမာရေးအတွက် လိုအပ်သောဆေးပေးခန်း၊ ကျန်းမာရေးဝန်ထမ်း၊ ဆေးဝါးများဖြည့်တင်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း၊ မသန်စွမ်းသူများအတွက် မှတ်ပုံတင်ခြင်း၊ သက်သေခံကတ်ပြားထုတ်ပေးခြင်းနှင့် ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အိမ်သာစနစ်ထွန်းကားစေခြင်း၊ ရေအရင်းအမြစ်များဖြည့်တင်းပေးခြင်း၊ ပြန်ပြည့်မြဲစွမ်းအင်နှင့် ဆိုလာစွမ်းအင်တိုးချဲ့ခြင်း၊ ပြည်ပရောက်လုပ်သားများအတွက် အခွင့်အရေးများကို ထိုနိုင်ငံများရှိသံရုံးများ၊ သံအရာရှိများက ထိရောက်စွာကာကွယ်ပေးနိုင်ခြင်း စသည်တို့ကို လိုအပ်သလိုစီမံခန့်ခွဲနိုင်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းကောက်များ မေးမြန်းကောက်ယူမည့်လူတစ်ဦးချင်းစီ၏ အချက်အလက်အကြောင်းအရာများ၊ အိမ်ထောင်စုနှင့်ပတ်သက်သော အကြောင်းအရာများအားတည်ဆဲဥပဒေဖြစ်သည့် ၂၀၁၃ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေက လုံခြုံစိတ်ချစွာ အကာအကွယ်ပေးထားပြီးဖြစ်သည်။ မေးခွန်းမေးမြန်းခြင်းခံရသူသည် မှန်ကန်စွာဖြေဆိုရန် တာဝန်ရှိသလို စာရင်းကောက်များကလည်း ဖြေကြားချက်များကို စာရင်းပုံစံများတွင် မှန်ကန်စွာဖြည့်သွင်းကြမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စတွင်မျှအသုံးပြုခြင်း သို့မဟုတ် စစ်ဆေးခြင်းမပြုဟု ဥပဒေတွင်ပါရှိပြီးဖြစ်သည့်အတွက် နိုင်ငံသားတိုင်းသည် သံသယရှင်းစွာ မေးမြန်းသမျှကို တိကျမှန်ကန်စွာဖြေကြားပေးရန် အထူးလိုအပ်သည်။

အချုပ်အားဖြင့်ဆိုရသော် မိမိတို့၏အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အကျိုး၊ နိုင်ငံတော်အကျိုးကို ရေရှည်မြော်မြင်လျက် အနာဂတ်ဘဝများသာယာလှပရေးအတွက် အဓိကကျသည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို မိဘပြည်သူတစ်ရပ်လုံးက ''အမျိုးသားရေးတာဝန်'' အဖြစ်ခံယူကာ လက်တွဲညီညီအားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသဖြင့် ''ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့''ဟု တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

★ စာမျက်နှာ ၁၅ မှအဆက်

ပဲခူးတိုင်းဒေသကြီးအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် ရော်ဘာ၊ ကော်ဖီ၊ ကြံ၊ ဝါနှင့် လက်ဖက်တို့ကိုလည်း တိုးချဲ့စိုက်ပျိုးစေလိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံသူ၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ သာယာဝပြောမှုရှိလာမည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းလာမည်ဆိုပါက နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများအတွက် ထောက်ပံ့ကြေးများတိုးပေးခြင်းနှင့် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက်လည်း ထိုက်သင့်သည့် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်ကြားရေးနှင့်ပတ်သက်သည့် ဆရာ၊ ဆရာမများကိုလည်း ဘွဲ့များအလိုက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း။

## ပညာရေးနှင့်ကျန်းမာရေး

ပညာသင်ကြားရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆရာ၊ ဆရာမများစွာလိုအပ်နေဆဲဖြစ်ပြီး နိုင်ငံတော်အနေဖြင့် တတ်နိုင်သရွေ့ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းများလည်း ကောင်းမွန်နေရန်လိုကြောင်း၊ ပညာရည်သင်ကြားနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် စီးပွားရေးကောင်းမွန်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ယာယီပိတ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသားများ အမှန်တကယ်ပညာတတ်မြောက်စေရေး အချိန်ပိုများဖြင့် သင်ကြားပေးသွားရန်လိုကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသားများ အမှန်တကယ်စာတတ်မြောက်အောင် သင်ကြားပေးလိုသည့် စိတ်ရှိရန်လိုကြောင်း၊ ပညာရေးသည် နိုင်ငံ၏ အနာဂတ်ပင်ဖြစ်ပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်လျှောက်လှမ်းရာတွင် ပညာတတ်များ ပေါများကြွယ်ဝရန်လိုကြောင်း၊ ပညာတတ်များပေါကြွယ်ဝမှသာ အသိပညာ၊ အတတ်ပညာများရရှိပြီး စီးပွားရေးများကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာများရရှိရန်အတွက် အတန်းပညာကောင်းမွန်အောင် မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံသားများအနေဖြင့် စီးပွားရေးအခြေခံများရရှိစေရန်အတွက် တက္ကသိုလ်များတွင် စီးပွားရေးပညာရပ်များကို သင်ကြားပေးလျက်ရှိသကဲ့သို့ ဒီမိုကရေစီကို သိရှိနားလည်နိုင်ရန်အတွက် တက္ကသိုလ်များတွင် ဥပဒေပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွက်လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့် ကျွမ်းကျင်စွာထမ်းဆောင်နိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ **ပဲခူးတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်သည့် တိုင်းဒေသကြီးဖြစ်ပြီး အသိပညာအတတ်ပညာပြည့်ဝသည့် လူငယ်များမွေးထုတ်နိုင်မည်ဆိုပါက ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆရာဝန်များအား ခန့်အပ်တာဝန်ပေးထားကြောင်း၊ နိုင်ငံတစ်ဝန်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ကျန်းမာရေးဝန်ထမ်းများ စဉ်ဆက်မပြတ်ခန့်အပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်မှ ထိုသို့ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးအသိပညာများရှိရန်လိုပြီး ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုများရှိရန်လိုကြောင်း၊ လူတစ်ဦးတစ်ယောက် ကျန်းမာရေးထိခိုက်လာမည်ဆိုပါက ကာယကံရှင်ကိုယ်တိုင်သာမက ၎င်း၏ ပတ်ဝန်းကျင်၊ အဖွဲ့အစည်းနှင့် မိသားစု၏ အကျိုးစီးပွားကိုပါ ထိခိုက်စေနိုင်ကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ ဂရုစိုက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍ တိုးတက်မှုရှိစေရေးအတွက်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းစေရေး၊ စိတ်ဓာတ်ကောင်းမွန်စေရေး၊ အားကစားနည်းအလိုက် နည်းစနစ်ပိုင်းဆိုင်ရာများ ကျွမ်းကျင်မှုရှိစေရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေး၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်ရေးတို့အတွက် အားကစားကဏ္ဍကို မြှင့်တင်ခြင်းဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး

တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေခံ ရပ်မိ၊ ရပ်ဖများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှူးအဆင့်ဆင့်တွင်လည်း ဒေသအကျိုးအတွက် အမှန်တကယ်တာဝန်ထမ်းဆောင်လိုသည့်သူများကိုသာ တာဝန်ပေးအပ်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် မြေပြင်၌ အမှန်တကယ် ထိတွေ့နေသူများဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအပေါ် ကောင်းမွန်စွာ ဆက်ဆံဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်ဆင့်သတင်းပေးသည့်စနစ်ကိုဖော်ဆောင်၍ ဒေသအတွက်ကောင်းရာကောင်းကျိုးဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကိုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သတင်းပေးသည့်စနစ်ကိုကျင့်သုံးပါက အမှုအခင်းများလည်း များစွာလျော့နည်းသွားမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပိုင်းကို ကျေးလက်များအထိ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုပါက သန်းခေါင်စာရင်းကောက်ယူမှုများနှင့် ရွေးကောက်ပွဲကျင်းပမှုများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးအနေဖြင့်တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကဏ္ဍကို အလေးထားဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးစသည်တို့နှင့် ပတ်သက်၍ နိုင်ငံတော်တွင် ဖြစ်ပေါ်နေမှုများ၊ နိုင်ငံတော်အစိုးရ၏ မျှော်မှန်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် သိရှိနိုင်ရေး ယခုကဲ့သို့ အချိန်ယူကာ ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်းနှင့် မိမိတို့တာဝန်ကျရာ တိုင်းဒေသကြီးမှတစ်ဆင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေး တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့၊ ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ ရောက်ရှိကြပြီး ရွှေနန်းတော်အတွင်း ယခင်မြေနန်းပြာသာဒ်ဆောင်နေရာမှ တူးဖော်ရရှိသည့်ကျွန်းတိုင်များကို ပြသထားရှိမှု၊ နန်းတော်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် နန်းတော်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အဆင့်ဆင့် အသေးစိတ်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ နန်းတော်အတွင်း အမြဲသန့်ရှင်းသပ်ရပ်စေရေးဆောင်ရွက်နေရန်လိုကြောင်း၊ ရှေးခေတ် အသုံးအဆောင် ပစ္စည်းများအား ပျက်စီးမှုမရှိစေရေး ထိန်းသိမ်းပြသထားရန်လိုကြောင်း၊ နန်းတော်ဝင်းအတွင်း လမ်းများကောင်းမွန်အောင်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်းဆောင်ရွက်ရန်လိုကြောင်း၊ ရေဝပ်ဗရိယာများမရှိစေရေးဆောင်ရွက်ရန်နှင့် ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းများကိုဆောင်ရွက်သွားရန်လိုကြောင်း၊ နန်းတော်ကြီး ရေရှည်တည်တံ့နေစေရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟံသာဝတီနေပြည်တော်၊ သာယာဝတီတံခါးအနီးရှိ ဟံသာဝတီမြို့ဟောင်းကျုံးနှင့် မြို့ရိုးနေရာတို့အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကျုံးအား ရေရှည်တည်တံ့စေရေးဆောင်ရွက်ရန်လိုကြောင်း၊ မြို့ရိုးနေရာများအား ပြန်လည်တူးဖော်၍ မြို့ရိုးပြန်လည်တည်ဆောက်သွားရန်နှင့် တည်ဆောက်ချိန်တွင်လည်း လိုအပ်သည့် အချက်အလက်များနှင့် အထောက်အထားများပြည့်စုံအောင် ပြုစုဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်တည်ဆောက်ရာတွင်လည်း ရှေးမူမပျက်မူလပုံစံအတိုင်း တည်ဆောက်သွားနိုင်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

# ၂၀၂၄ ခုနှစ် တတိယသုံးလပတ် တရုတ်-မြန်မာမီဒီယာတွေ့ဆုံပွဲကျင်းပ



**ရန်ကုန် ဩဂုတ် ၃၀**


၂၀၂၄ ခုနှစ် တတိယသုံးလပတ် တရုတ်-မြန်မာမီဒီယာတွေ့ဆုံပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာ၌ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jia၊ တရုတ်သံရုံးမှ သံအမတ်ကြီးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် သတင်းမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jia က အဖွင့်အမှာစကားပြောကြားရာတွင် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးသံယောဇဉ်ကို လက်ဆင့်ကမ်း၍ တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်သွားရန်မျှော်လင့်ကြောင်း၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi က မြန်မာနိုင်ငံကို ခရီးစဉ်လာရောက်ပြီး မြန်မာနိုင်ငံအကြီးအကဲတို့တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ နှစ်ဦးနှစ်ဖက်ကချစ်ခင်ရင်းနှီးစွာ နက်နက်ရှိုင်းရှိုင်း ကူးလူးဖလှယ်ခဲ့ကြပြီး တရုတ်မြန်မာနှစ်ဦးနှစ်ဖက်၏ ကောင်းမွန်စွာနိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှုနှင့် နက်ရှိုင်းလှသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသံယောဇဉ်ကို ပေါ်လွင်စေခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် မီဒီယာတွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် သတင်းမီဒီယာများက နှစ်နိုင်ငံချစ်ကြည်ရေးနှင့်ပတ်သက်ပြီး နည်းပညာများကူညီပေးရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုယဉ်ကျေးမှု၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်း-လင်းခန့်**

**ဓာတ်ပုံ-သိန်းဝင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘောဇသာဒီရွှေနန်းတော်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုသိရှိနိုင်ရန်ပြောကြားရခြင်းဖြစ်ကြောင်း။

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာများနှင့် ပတ်သက်၍ မိမိတို့စတင်တာဝန်ထမ်းဆောင်ချိန်တွင် အနောက်နိုင်ငံများအနေဖြင့် စီးပွားရေးပိတ်ဆို့မှုများကို လုပ်ဆောင်ခဲ့ကြောင်း၊ အထောက်အပံ့များပေးအပ်မှုကိုလည်း လျှော့ချခဲ့ကြောင်း၊ ထိုသို့ စီးပွားရေးအရပိတ်ဆို့မှုများကြောင့် မိမိတို့နိုင်ငံပိုင် နိုင်ငံခြားငွေများ သုံးစွဲမှုမပြုနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကုန်သွယ်မှုများမှရရှိသည့်ငွေများကို အဓိကထားသုံးစွဲနေရခြင်းဖြစ်ကြောင်း၊ ယခင်က ပြည်ပမှ ဝင်နေသည့် ဝင်ငွေများကို ပြန်လည်စိစစ်ခဲ့ရာတွင် ချေးငွေများ၊ ထောက်ပံ့ငွေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပချေးငွေများကို တတ်နိုင်သမျှ ပြန်လည်ပေးဆပ်ရလျက်ရှိကြောင်း၊ အဓိကအားဖြင့် ကုန်သွယ်မှုများဆောင်ရွက်နိုင်ရန်အတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပသို့ ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်မှသာ နိုင်ငံခြားငွေများတိုးတက်ရရှိပြီး နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ သီးနှံများဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်းကောင်းမွန်စေရေး မျိုး၊ မြေ၊ ရေ၊ နည်းဟူသည့် နည်းလမ်း(၄)သွယ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်းများတိုးတက်လာမည်ဆိုပါက စိုက်ပျိုးရေးတောင်သူများ ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံအတွက်လည်း ဝင်ငွေများရရှိပြီး နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**စာမျက်နှာ ၁၄ သို့** ★

❖ **ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ကြရန်လို၊ ပြည်ပသို့ ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်မှသာ နိုင်ငံခြားငွေများတိုးတက်ရရှိပြီး နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်. . .**

❖ **နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်. . .**

❖ **ကျုံးအား ရေရှည်တည်တံ့စေရေးဆောင်ရွက်ရန်လို၊ မြို့ရိုးနေရာများအား ပြန်လည်တူးဖော်၍ မြို့ရိုးပြန်လည်တည်ဆောက်သွားရန်နှင့် တည်ဆောက်ချိန်တွင်လည်း လိုအပ်သည့်အချက်အလက်များနှင့် အထောက်အထားများပြည့်စုံအောင် ပြုစုဆောင်ရွက်. . .**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟံသာဝတီနေပြည်တော်၊ သာယာဝတီတံခါးအနီးရှိ ဟံသာဝတီမြို့ဟောင်းကျုံးနှင့် မြို့ရိုးနေရာတို့အား ကြည့်ရှုစစ်ဆေးစဉ်။

# ဆန်၊ စပါးများကို ပြည်ပဈေးကွက်သို့တင်ပို့နိုင်သည့် အရည်အသွေးရရှိသည်အထိ သုတေသနပြုကြိုးပမ်းဆောင်ရွက်၊ ဒေသတွင်းစားသုံးဆီဖူလုံမှုကို အထောက်အကူပြုစေရန်အတွက် ဆီထွက်သီးနှံတစ်ခုဖြစ်သည့် နေကြာစိုက်ပျိုးမှုများကိုလည်း တိုးချဲ့ဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးဆိုင်ရာအချက်အလက်များနှင့်သီးနှံများစိုက်ပျိုးလျက်ရှိမှု၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။






★ ရှေ့ဖုံးမှအဆက်

## ဒေသဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေများအား ရှင်းလင်းတင်ပြ

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ သီးနှံများစိုက်ပျိုးလျက်ရှိမှုနှင့်သီးထပ်သီးနှံ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ စပါးထွက်ရှိမှုနှင့် ဒေသဝမ်းစာဖူလုံမှု၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှု၊ စက်မှုကုန်ကြမ်းသီးနှံ နှစ်အလိုက် စိုက်ပျိုးလျက်ရှိမှု၊ ဝါသီးနှံစိုက်ပျိုးမှု၊ ရေအရင်းအမြစ်များရရှိမှုနှင့် ထိန်းသိမ်းထားရှိမှု၊ စိုက်ပျိုးရေးအထောက်အကူပြု ပစ္စည်းကိရိယာများ ဖြန့်ဝေပေးလျက်ရှိမှု၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး (၂)သီးမှ (၃)သီး သီးထွက်စွမ်းအား တိုးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နွေစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ အထွက်နှုန်းများ ပိုမိုတိုးတက်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထွက်ရှိလာသည့် ဆန်၊ စပါးများကို ပြည်ပဈေးကွက်သို့တင်ပို့နိုင်သည့် အရည်အသွေးရရှိသည်အထိ သုတေသနပြု ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသတွင်း စားသုံးဆီဖူလုံမှုကို အထောက်အကူပြုစေရန်အတွက် ဆီထွက်သီးနှံတစ်ခုဖြစ်သည့် နေကြာစိုက်ပျိုးမှုများကိုလည်း တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။


## နိုင်ငံတော်၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲခဲ့မှု အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် မဲမသမာမှုများကို တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘောဇသာဒီရွှေနန်းတော်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘောဇသာဒီရွှေနန်းတော်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။





ကမ္ဘောဇသာဒီရွှေနန်းတော်အတွင်း ပြသထားသည့် ရှေးခေတ်အသုံးအဆောင်ပစ္စည်းများကိုတွေ့ရစဉ်။

## လွှတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး

**❖ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကို သင်ခန်းစာယူပြီး လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအပါအဝင် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျစီမံဆောင်ရွက်လျက်ရှိ၊ မဲစာရင်းအချက်အလက်များမှန်ကန်မှုရှိစေရေး လာမည့်အောက်တိုဘာလတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ သန်းခေါင်စာရင်းကောက်ယူရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရာနှုန်းပြည့်ကောက်ယူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်. . .**

**❖ ရွေးကောက်ပွဲကို စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်. . .**

ယင်းနောက် မိမိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကို သင်ခန်းစာယူပြီး လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအပါအဝင် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျစီမံဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းအချက်အလက်များမှန်ကန်မှုရှိစေရေး လာမည့်အောက်တိုဘာလတွင် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍သန်းခေါင်စာရင်းကောက်ယူရာတွင်ပဲခူးတိုင်းဒေသကြီးအတွင်း ရာနှုန်းပြည့်ကောက်ယူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာရင်းဇယားများ မှန်ကန်စွာရရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကို စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေးကျင်းပနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးတွင် အစည်းအဝေးအထမြောက်စေရေး၊ သိက္ခာရှိသည့်လွှတ်တော်အစည်းအဝေးဖြစ်စေရေးနှင့် သတ်မှတ်ကိုယ်စားလှယ်များ ရွေးချယ်တက်ရောက်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆိုပါလွှတ်တော်များတွင် သက်ဆိုင်ရာဒေသအလိုက် ပါဝင်သင့်သူများပါဝင်မှသာ လွှတ်တော်အတွင်း ကိုယ်စားပြုမှုများမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် လွှတ်လပ်၍ **စာမျက်နှာ ၁၅ သို့** ☆

စာမျက်နှာ ၁၅ သို့

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets members of Bago Region cabinet



Senior General Min Aung Hlaing meets members of Bago Region cabinet.

NAY PYI TAW August 30

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met members of Bago Region cabinet at the meeting hall of region government office this afternoon and discussed regional development.

Also present together with the Senior General were SAC Joint Secretary General Ye Win Oo, SAC members General Maung Maung Aye and General Nyo Saw, union ministers, Bago Region Chief Minister U Myo Swe Win, senior military officers from the Office of the Commander-in-Chief, the Yangon Command commander, the Southern Command commander, deputy ministers and officials.

**Regional facts and farming activities presented**

The chief minister reported on facts of the region, crop cultivation and multiple-cropping programs, rice production and local food sufficiency, cooking oil production, beans and pulses cultivation, annual cultivation of industrial crops, cotton cultivation, availability and conservation of water resources, distribution of agricultural tools, triple-cropping programs for boosting crop output, livestock breeding activities, education and health development undertakings, and future programs.

In response, the Senior General spoke of the need to increase summer paddy yield, improve the quality of rice till meeting the export quality through research, extend sunflower cultivation to help ensure local oil sufficiency. He also looked into the requirements.

**Political developments of the country**

As regards the political developments, the Senior General explained in detail political developments of the country throughout the past successive periods, vote rigging in 2020 multi-party general election and the then officials failure to solve the problem, declaration of the state of emergency due to the national situation then and Tatmadaw's assumption of state duties, crisis triggered by COVID-19, terrorism that occurred due to instigation of political opportunists and restoration of the country in accord with the law, SAC's adoption of policies and objectives and endeavours for national peace, stability and progress.

**Successful holding of free and fair multi-party general election**

He then said that as for the correctness of the voter list for the coming election, work programs including field voter list collection are being carried out systematically while taking vote rigging of the 2020 election as a lesson. Population and housing census will be conducted in the coming October to ensure correctness of the voter list. Collective participation is required to fully conduct the census in Bago, beginning from the start of the census on 1 October. It must be a systematic general election, and the state duties will be transferred to the government that emerged from the election. Efforts will be made to hold the election and convene the hluttaw with dignity. Efforts will be made to hold honorable hluttaw meetings and to ensure the presence of entitled representatives. Hluttaws will truly represent the respective regions only if they are formed with truly entitled persons. The meeting was held to disseminate knowledge about the nation's political developments and the ongoing programs to hold a free and fair multi-party general election.

**Economic development of the nation**

When we began our duties concerning the country's economic matters, Western countries imposed economic sanctions and reduced their support. Due to these economic sanctions, we were unable to utilize foreign currencies owned by our country. As a result, we primarily had to rely on the funds obtained from trade activities. Upon reviewing the previous foreign revenues, it was found that these mainly consisted of loans, grants, and foreign investments. We are currently repaying as many foreign loans as possible and focusing on boosting production to enhance trade activities. To export domestic products abroad, it is necessary to ensure high quality, as increasing exports will generate more foreign currency, leading to the country's economic development.

For economic growth and to increase the production of goods, it is necessary to support production-based industries primarily focused on agriculture, which is the country's main economic activity. Regarding agriculture, successful crop growth and good yields must be achieved through four methods involving seeds, soil, water, and techniques. If productivity increases, farmers' incomes will also rise, subsequently benefiting the country's revenue and contributing to economic growth.

The Bago Region should also work towards developing agriculture and livestock-based industries, as well as manufacturing industries, to foster growth. To expand industrial manufacturing, it is essential to cultivate rubber, coffee, sugarcane, cotton, and tea.

If the nation's economy develops, the socio-economic conditions of the citizens will also improve, leading to greater prosperity. A stronger economy will allow us to work towards the country's overall progress. Therefore, government employees must strive to contribute to national economic development within their respective sectors. In considering government employees, we are increasing allowances and providing appropriate support to military personnel, Myanmar police force members, and firefighters, who are performing their duties with dedication. Additionally, we have granted honorariums to teachers according to their qualifications.

**Education and health**

Regarding education, there is still a significant need for many teachers in our country, and the government is working to fill this gap as much as possible. Similarly, to enhance the education sector, efforts must be made to ensure that all

See Page - 21►►

►► From Page - 21

**Rule of law, security**

In connection with the rule of law, public security measures are being taken and to do so, local elders, the police and general administration staff are required to cooperate. Those who are actually willing to serve duties must be assigned duties. Administrators and the police have contacts with people on the ground. Therefore, they are required to have good relations with the people. The public security system must be implemented in cooperation with those who will serve the interests of regions by implementing different levels of information systems, the police and administrative bodies. By implementing different levels of information systems, the number of crimes will drop. If the rule of law and security measures can be taken effectively to the village level, it will contribute much to conducting population census and the election. Therefore, Bago Region officials are required to place emphasis on the rule of law and security. The government has taken time to broadly explain the situation of political transformation, economy, education, health, the rule of law and security in the country, objectives of the country to regional officials and they are urged to exert efforts as much as possible for development through regional efforts.

Then, the Senior General and party arrived at the Kanbawzathadi Palace in Bago and inspected the display of excavated teak logs from the former palace buildings, renovation tasks of the palace. Afterward, the Senior General gave instructions on the needs to carry out maintenance tasks in detail, cleanliness of the palace, to display ancient relics without damage, to keep roads in the palace in good condition, to dig conduits to prevent flooded areas and renovation tasks of the palace.

Then, the Senior General and party inspected the former moat of the Hanthawaddy palace near the gate and gave instructions on excavation and durability of the palace wall, the needs to reconstruct the walls in accordance with historical evidence in their original styles.

**100**

# Pwintbyu Tsp introduces rural business fund

PWINTBYU August 30

A ceremony to set up rural business fund took place at Thayetok Village-tract Model Village of Pwintbyu Township in Magway Region in 2024-2025 financial year.

The ceremony held on 29 June comprised establishment of the fund and implementation of the RBF project for regional development.

Head of Township Rural Development Department U Hla Htay Maung explained establishment of the rural economic promotion fund and implementation of RBF project.

Then, duty and functions for members of the RBF were explained. The Head of the Township Department and officials formed members of the RBF in accord with the wishes of rural people.

The government allocated Ks-30 million for setting the RBF to create job opportunities for rural people and increasing incomes of families in the model village in 2024-2025 financial year.

Under the supervision of the Rural Development Department, rural people will implement the projects on agriculture, livestock and other livelihoods, according to the head of Township Department. **SK**

# Cauliflowers from PyinOoLwin in high demand at Mandalay market



MANDALAY August 30

"Cauliflower flown from PyinOoLwin enters Thiri Marlar green groceries market in Aungmyaethazan District of Mandalay and these are marketable," said U Aung Moe Naing, owner of Aung brokerage in Mandalay.

Currently, some five truckloads of cauliflowers from PyinOoLwin flow into Mandalay vegetable market on a daily basis. As such, such cauliflower is sold at Ks-1,000 to Ks-1,200 in the market.

"Cauliflower can be properly grown in PyinOoLwin region. Now, the vegetable gets high price in high demand. The cauliflowers from PyinOoLwin regularly flow into the market on a daily basis. Now, volume of cauliflowers from Aungban region declines. Other crops csuch as tomato, cabbage, potato, mustard, chickpea, long string bean, bitter gourd, white mustard, carrot and onion are also marketable," he explained.

Local farmers emphasize cultivation of cauliflowers in PyinOoLwin region. Similar vegetables have not been harvested in other regions yet. As cauliflowers can be grown all the year round, it benefits farmers. At present, Thiri Marlar green groceries market is open from 4 am to 8 pm daily.

**SK**

# Seikpyu onions receive strong demand in Mandalay market

MANDALAY August 30


"The onions produced from Seikpyu Township are receiving good demand in the Mandalay market," said Daw May Thae Swe, owner of the Aung Onion and Potato Wholesale Center.

In the Mandalay market, since the last week of July, onions from Seikpyu Township have been continuously purchased. It is reported that the purchase of onions from the domestic market as well as from abroad has also increased.

"In the Mandalay market, there are many traders who are currently buying the onions from the Seikpyu. In the local market, the onions from Seikpyu have received good demand recently," she continued.

"Among the onions entering the Mandalay market, there are onions from Taungtha and Pakokku as well, in addition to onions from Seikpyu. Onions from Seikpyu are in the best trading position in the Mandalay market. Onions from the Myingyan and Taungtha are also trading as usual," she continued.

**SMK**



# Kyonpyaw finishes cultivation of tapioca this monsoon

KYONPYAW August 30

"Local farmers from Kyonpyaw Township in Ayeyawady Region have placed 11,902 acres of land under tapioca this monsoon," said Head of Township Agriculture Department U Kyaw Kyaw.

They have so far cultivated tapioca on 11,902 acres of croplands in the township against the target of 16,902 acres this monsoon. So, local farmers and officials of the department are striving for cultivation of tapioca on the targeted acres.

"Tapioca is being cultivated in Kyonpyaw Township for enhancing the business opportunities of local people. This year, tapioca was cultivated in May. So far, the township has cultivated 11,902 acres of tapioca. Staff members from the department help local farmers systematically use pesticides and fertilizers in the farms," said U Kyaw Kyaw.

Tapioca cultivation is one of the businesses to increase family incomes of local people and it helps local farmers enjoy convenient cultivation process.

**SMK**

# One dead, town evacuated after truck carrying chemicals crashes, explodes in Australia

SYDNEY August 30

One person died and a town has been evacuated after a truck carrying chemicals crashed and exploded in the Australian state of Queensland on Friday.

Residents of the small town of Bororen, some 400 km north of Brisbane, were on Friday morning told to leave immediately by Queensland Police after a B-double tanker carrying 42 tons of ammonium nitrate crashed head-on with another vehicle on a nearby highway, causing a major explosion.

The driver of the second vehicle was killed, authorities confirmed, and the truck driver who was pulled from the vehicle by bystanders shortly before it ignited was airlifted to hospital with serious abdominal and leg injuries.

An exclusion zone was put in place around the site of the crash, with all residents within the zone told to self-evacuate. Those who could not leave were told to shelter indoors, close all windows and doors and turn off air conditioning units.

Queensland Police Acting Superintendent Mark Burgess said the explosion blast radius was approximately 500 meters.

"Just after 9:40 a.m., a blast was heard and felt and there was a visible large cloud of smoke," he said at a press conference.

No other people were injured and no property was damaged but power lines were down and spot fires were ignited along a nearby rail corridor.

The Bruce Highway, a major highway linking Brisbane to the far northern city of Cairns, was closed in both directions.

The Australian Broadcasting Corporation reported that Queensland Fire and Rescue was conducting scientific testing, including atmospheric assessment, at the site of the explosion.

John Hodson-Gilmore from the Queensland Ambulance Service said the first paramedics to arrive at the scene were faced with an extensive damage area.

He said fire crews made the decision not to attempt to extinguish the truck fire shortly before it exploded.

Ammonium nitrate is predominantly used in agriculture as a fertilizer.

**Xinhua**



One dead, town evacuated after truck carrying chemicals crashes, explodes in Australia.

# Heavy rains, storms affect over 36,200 across Laos

VIENTIANE August 30

The tropical depression and Prapiroon storm brought heavy rainfall to many parts of Laos from July 18 to August 21, affecting more than 36,200 people across the country.

Heavy rains and storms affected 13 provinces across Laos, impacting 60 districts, 541 villages, and 17,548 households, Lao Army Television reported on Friday.

The storms and heavy rains have caused widespread damage to over 9,760 hectares of agricultural land, 177 roads, 12 bridges, 79 irrigation systems, 30 water supply systems, 334 fishponds, and livestock including 13,478 cattle, buffaloes, goats, pigs, and poultry.

Three people lost their lives and one person is still missing. Additionally, 72 households had to be temporarily relocated, and 125 houses were damaged, according to the report.

The Lao National Disaster Management Committee held a meeting on Wednesday to discuss various measures to enhance disaster preparedness and response, with a particular focus on ensuring timely and efficient coordination among relevant agencies.

Speaking at the meeting, Lao Deputy Prime Minister and Minister of National Defence Chansamone Chanyalath stress-ed the importance of the committee's role in effectively managing disaster response during the 2024 rainy season and urged continuous vigilance and prompt action in addressing emerging challenges.

**Xinhua**

# Philippines plans to procure 40 modern multi-Role fighter jets

MANILA August 30

The Philippines is planning to procure 40 modern multi-role fighter jets to strengthen its territorial defense capabilities, Defence Minister Gilbert Teodoro said during a budget hearing on Thursday.

"Just to get, for example, multi-role fighters, one dozen of those will not make any difference at all. So, the minimum for us will be 36 aircraft, which only a squadron and a half. But that would be credible. Plus four in reserve because 80 percent in service rate is a good standard," Teodoro said, as quoted by GMA News.



Philippines plans to procure 40 modern multi-role fighter jets.

The minister emphasized the need for "faster and more lethal" jets compared to the South Korean FA-50s currently in service with the Philippine air force. The procurement plan seeks financing schemes that allow payments to be spread out over several years.

Philippine government is exploring the option of syndicated loans from private banks. Teodoro has already held consultations with the Bankers Association of the Philippines, the Central Bank, and the Department of Finance to obtain the necessary approvals for long-term tenders. He also urged lawmakers to draft legislation to remove existing financial restrictions on defense acquisitions.

In July, US Secretary of State Antony Blinken announced that the US would provide US$-500 million in financial assistance to enhance the Philippines' defence capabilities.

**Sputnik**

# Israel strikes Hezbollah's missile platforms in S. Lebanon

BEIRUT August 30

Israeli warplanes on Friday morning carried out a series of airstrikes on Hezbollah's missile platforms in southern Lebanon, Lebanese military sources said.

The sources, who spoke anonymously, said Israeli warplanes carried out 11 airstrikes at dawn on Hezbollah's surface-to-surface missile sites and platforms in the western and central sectors along Lebanon's southern border.

They noted that the planes fired about 22 air-to-surface missiles, each weighing 1,000 pounds, in the raids.

Lebanon's National News Agency reported that the Israeli attacks took place adjacent to the Blue Line in the western and central sectors throughout the night and into the morning, reaching the outskirts of Tyre city in southern Lebanon.

Meanwhile, Hezbollah announced in two separate statements that it had attacked "enemy positions," including buildings used by Israeli soldiers in the settlements of al-Motella and Al-Manara, as well as the Bayad Blida site, claiming to have made "direct" hits.

**Xinhua**

# Turkish police capture IS suspect planning bomb attack in Istanbul

ISTANBUL August 30

Turkish police on Friday arrested a suspected member of the Islamic State (IS) in Istanbul who was accused of planning a bomb attack, local media reported.

According to the NTV broadcaster, anti-terror units initiated the operation after discovering that the IS was plotting a terrorist attack in Istanbul, Türkiye's largest city and financial hub.

The investigation revealed that the suspect had entered the country illegally after receiving bomb-making and attack training in Syria. The suspect was allegedly acting on orders from senior IS officials who had directed him to carry out the planned attack, the NTV added.

During the raid on his residence in the Bagcilar district on the European side of the city, police discovered a sword hidden under the suspect's bed and seized many documents and digital materials related to the terrorist organization.

The Turkish government designated the IS as a terrorist organization in 2013, and Turkish police have been regularly conducting counter-terrorism operations against its members across the country.

**Xinhua**

►► From Page - 18

school-age children can attend school, and the transition rates between grades should also be maintained at a good level. Stability, peace, and a sound economy are necessary for effective learning, and thus the region must strive to achieve these conditions. When schools temporarily closed due to natural disasters or other reasons are reopened, additional classes should be provided to ensure that students genuinely gain knowledge.

Teachers need to have a genuine desire to ensure that students truly acquire knowledge. Education is the future of the nation, and for a multi-party democratic path to be followed, it is essential to have a population rich in educated individuals. Only when there is an abundance of educated people will it be possible to acquire the necessary knowledge and skills to drive economic development. To attain such knowledge and skills, we continue to support efforts to improve the quality of education. To provide citizens with a foundation in economic principles, universities offer courses in economics, and to help them understand democracy, universities also teach law. This is to enable them to perform their duties systematically and efficiently for the benefit of the country. **The Bago Region, with its favorable geo-graphical conditions, would see even greater development if it could nurture a new generation of young people equipped with full knowledge and skills.**




Senior General Min Aung Hlaing views the images of three historic Myanmar kings.

In connection with health, medical doctors are being appointed in hospitals in accordance with the policy of assigning doctors in every hospital. Health workers are being appointed constantly to provide healthcare services in the entire country. As the government is doing so, the people are required to enhance their health awareness and adopt healthy lifestyles. When a person's health deteriorates, it has impacts not only on that individual but also on his surrounding, community and family. As one can work and study only when one is healthy, one is required to take care of one's health. In connection with health, efforts must be made in respective regions and states to promote the sports sector. Body fitness and skills in sports techniques must be enhanced. Promotion of the sports sector must be carried out for the health and fitness of entire national people and vitalization of patriotism.

See Page - 19►►



Senior General Min Aung Hlaing views the excavated teak logs from the former Kanbawzathadi Palace buildings.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

BUSINESS

## မိုက်ခရိုဆော့က AI for All Thais အစီအစဉ်ကို အကောင်အထည်ဖော်မည်

မိုက်ခရိုဆော့ကုမ္ပဏီက ထိုင်းနိုင်ငံသားများနှင့်အဖွဲ့အစည်းများအားလုံး၏အကျိုးအတွက် အသုံးချ AI နည်းပညာအစီအစဉ်ဖြစ်သော AI for All Thais အစီအစဉ်ကို အကောင်အထည်ဖော်မည်ဖြစ်သည်။

အစီအစဉ်၏ ရည်မှန်းချက်များအနက် တစ်ခုမှာ ထိုင်းနိုင်ငံသားအယောက် တစ်သန်းကို ဘဏ္ဍာနှစ်တစ်နှစ်အတွင်း AI ပညာရပ်တတ်မြောက်မှုရှိစေရေးပင်ဖြစ်သည်။

မိုက်ခရိုဆော့ကုမ္ပဏီက အရှေ့တောင်အာရှဒေသ၌ တစ်နှစ်လျှင် AI နည်းပညာအသုံးပြု အလုပ်သမားနှစ်သန်းကျော်ကို လေ့ကျင့်ပေးရန်စီစဉ်ထားသောအစီအစဉ်များအနက် ယခုအစီအစဉ်ကလည်း တစ်ခုအပါအဝင်ဖြစ်သည်။

မိုက်ခရိုဆော့အနေဖြင့် AI နည်းပညာသုံးအလုပ်သမားများကို ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေး၊ တတ်မြောက်မှုပမာဏ၊ အာမခံချက်ရှိသော အခြေအနေတို့ကို ဖန်တီးနိုင်စေရေး ရည်မှန်းအကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ထိုသို့အကောင်အထည်ဖော်မှုမှနေ၍ ထိုင်းနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးကို ပိုမိုတိုးမြှင့်ပေးနိုင်ကာ အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်စေရေးကို ရည်မှန်းထားသည်။

အလားတူ မိုက်ခရိုဆော့ကုမ္ပဏီသည် ထိုင်းနိုင်ငံအတွင်း အချက်အလက်စင်တာတစ်ခုတည်ဆောက်ရေးအပါအဝင် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများတည်ဆောက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်သွားမည်ဖြစ်သည်။ **Ref: NT**

**K.H**



## စီးပွားရေးလုပ်ငန်းကြီးများဝင်ငွေမကောင်းခြင်းကြောင့် တောင်ကိုရီးယားအခွန်ဝင်ငွေလျော့ကျ

တောင်ကိုရီးယားနိုင်ငံအတွင်းရှိစီးပွားရေးလုပ်ငန်းကြီးများ၏ ဝင်ငွေမကောင်းခြင်းကြောင့် အစိုးရအတွက်အခွန်ဝင်ငွေလျော့ကျကြောင်း စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အစိုးရအနေဖြင့် ယခုနှစ်ဇန်နဝါရီလမှ ဇူလိုင်လအထိကာလအတွင်း အခွန်ငွေ ၂၀၈ ဒသမ ၈ ထရီလီယံဝမ်ကိုသာ ကောက်ခံရရှိသည်။ ထိုပမာဏသည် ယမန်နှစ်အလားတူကာလကထက် အခွန်ငွေရရှိမှု ၄ ရာခိုင်နှုန်းလျော့ကျနေပြီး ၈ ဒသမ ၈ ထရီလီယံဝမ်နည်းပါးသည်ကိုတွေ့ရသည်။

သို့သော် ဇူလိုင်လတစ်လတည်းတွင် ကောက်ခံရရှိသည့် အခွန်ငွေစုစုပေါင်းမှာ ယမန်နှစ် ဇူလိုင်လကထက် ၁ ဒသမ ၂ ထရီလီယံဝမ်တိုးမြင့်ရရှိပြီး ၄၀ ဒသမ ၃ ထရီလီယံဝမ်အထိရရှိထားသည်။ ထိုသို့ရရှိလာခြင်းမှာ ပြည်သူများ၏ငွေကြေးသုံးစွဲမှုပမာဏ မြင့်တက်လာခြင်းနှင့် သွင်းကုန်တင်သွင်းမှု တိုးမြင့်လာခြင်းတို့ကြောင့်ဖြစ်သည်။

ပထမခုနစ်လအတွင်း စီးပွားရေးလုပ်ငန်းကြီးများထံမှ အခွန်ငွေကောက်ခံရရှိမှုမှာ ယမန်နှစ်ကထက် ၃၁ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းပြီး ၃၃ ထရီလီယံဝမ်အထိလျော့ကျရှိသည်။ အလားတူ ပြီးခဲ့သည့်နှစ်အတွင်း ကုမ္ပဏီကြီးများကရရှိသောအမြတ်ငွေမှာ ၄၅ ရာခိုင်နှုန်းအထိ ကျဆင်းသည်ကို တွေ့ရသည်။ **Ref: YHN**

**K.H**



AUTOMOBILE

## ဟွားဝေက နည်းပညာမြင့်ဇိမ်ခံလျှပ်စစ်ဆီဒင်ကားကို ထုတ်ဖော်ပြသ



ဟွားဝေကုမ္ပဏီက နည်းပညာမြင့်ဇိမ်ခံလျှပ်စစ်ဆီဒင်ကားကို ထုတ်ဖော်ပြသခြင်းအားဖြင့် ဇိမ်ခံလျှပ်စစ်ကားဈေးကွက်သို့ ဝင်ရောက်လာပြီဖြစ်သည်။

ယခုထုတ်ဖော်ပြသလိုက်သည့်ကားမှာ Stelato S9 ဖြစ်ပြီး ပေကျင်းမြို့အခြေစိုက် BAIC ကုမ္ပဏီနှင့် ပူးပေါင်းထုတ်လုပ်ထားခြင်းဖြစ်ကာ တရုတ်နိုင်ငံ၏ကြီးထွားလာသော လျှပ်စစ်ကားဈေးကွက်တွင်ဝင်တိုးနိုင်ရေး အဓိကရည်မှန်းထားသည်။

၎င်းကို Max နှင့် Ultra ဟူ၍ မော်ဒယ်ခွဲထားပြီး ဈေးနှုန်းမှာမူ Max အတွက်ဆိုလျှင် ယွမ် ၃၉၉၈၀၀ မှစတင်ကာ Ultra အတွက်ဆိုပါက ယွမ် ၄၄၉၈၀၀ မှစတင်မည်ဖြစ်သည်။

အဆိုပါ မော်ဒယ်နှစ်မျိုးစလုံးတွင် စွမ်းဆောင်ရည်မြင့် ၁၀၀ ကီလိုဝပ်နာရီ ဘက်ထရီကိုတပ်ဆင်ပေးထားသောကြောင့် Max ဆိုလျှင် ခရီးအကွာအဝေး ၈၁၆ ကီလိုမီတာနှင့် Ultra အတွက်ဆိုလျှင် ၇၂၂ ကီလိုမီတာသွားနိုင်မည်ဖြစ်သည်။

အသုံးပြုထားသည့်နည်းပညာမှာ ADS 3.0 နှင့် CAS 3.0 တို့ဖြစ်သည်။ ထိုစနစ်များမှာ ယာဉ်မောင်းအကူစနစ်နှင့် ယာဉ်တိုက်မှုရှောင်ရှားရေးစနစ်များဖြစ်သည်။ ထို့ပြင် ယာဉ်တစ်စီးလုံးကို အသံဖြင့်ထိန်းချုပ်နိုင်သည့်စနစ်လည်းပါဝင်သည်။ ဝှေဆိုက်များကိုလည်း ၂၀ လက်မနှင့် ၂၁ လက်မဟူ၍ အသုံးပြုပေးထားသည်။ **Ref: ArenaEV**

**K.H**

## တက်စလာက လူခုနစ်ယောက်စီး Model Y ကို တရုတ်နှင့်ဥရောပတွင်ရောင်းချမည်



တက်စလာကုမ္ပဏီက ၎င်းတို့၏နာမည်ကျော်ကားအမျိုးအစားဖြစ်သော လူခုနစ်ယောက်စီး Model Y ကို တရုတ်နိုင်ငံနှင့် ဥရောပဒေသသို့ တင်ပို့ရောင်းချရန်စီစဉ်နေသည်ဟူသော သတင်းများထွက်ပေါ်နေသည်။

ထိုသို့တင်ပို့ရောင်းချနိုင်ရေးအတွက် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ တက်စလာ၏ ဧရာမစက်ရုံက ထုတ်လုပ်မှုလုပ်ငန်းများကိုစတင်နေပြီဟုလည်း သတင်းများတွင် ဖော်ပြထားသည်။

တက်စလာကုမ္ပဏီအနေဖြင့် နောက်ထပ်မော်ဒယ်အသစ်များကို မထုတ်လုပ်နိုင်သေးမီကာလတွင် ၎င်းတို့၏ Model Y ဖြင့် အရောင်းမြှင့်တင်မှုများလုပ်နိုင်ရန် ရည်မှန်းထားဖွယ်ရှိသည်။

ယခုနှစ် ဒုတိယသုံးလပတ်ကာလတွင် တက်စလာ၏ မော်တော်ကားရောင်းရမှုပမာဏက ယမန်နှစ်ကထက် ၇ ရာခိုင်နှုန်း ကျဆင်းသည်ကိုတွေ့ရသည်။

တက်စလာက Model Y ကို ၂၀၁၉ ခုနှစ်တွင်ပြသခဲ့သော်လည်း ၂၀၂၂ ခုနှစ်မှသာ အမေရိကန်၌ရောင်းချနိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **Ref: ArenaEV**

**K.H**

## Zeekr က တက်စလာ၏ Model Y ကဲ့သို့ 7X SUV ကိုမိတ်ဆက်

Geely ကုမ္ပဏီလက်ခွဲတစ်ခုဖြစ်သော Zeekr က တက်စလာ၏ Model Y ကဲ့သို့ 7X SUV ကိုမိတ်ဆက်ကာ မိသားစုစီးကားဈေးကွက်သို့ဝင်လာပြီဖြစ်သည်။



အဆိုပါကားများကို ချန်ဒူးကားပြပွဲ၌ ပြသခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလကုန်ပိုင်းလောက်တွင် နိုင်ငံအတွင်းဖြန့်ချီသွားမည်ဖြစ်ကာ ကမ္ဘာတစ်ဝန်းကိုမူ လာမည့်နှစ်တွင် ဖြန့်ချီသွားမည်ဖြစ်သည်။

Zeekr 7X SUV ကို မော်တာတစ်လုံးတပ်နှင့်နှစ်လုံးတပ်ဟူ၍ရရှိနိုင်ပြီး မော်ဒယ်အားလုံးတွင် ၃၁၀ ကီလိုဝပ်ရှိ လျှပ်စစ်မော်တာတစ်လုံးကို နောက်ဘက်တွင်တပ်ဆင်ပေးထားသည်။ မော်တာနှစ်လုံးတပ်မော်ဒယ်တွင်မူ နောက်ထပ်မော်တာတစ်လုံးကို ရှေ့ဘက်တွင်တပ်ဆင်ပေးထားသည်။ ဈေးနှုန်းမှာ ယွမ် ၂၃၉၀၀၀ ရှိမည်ဖြစ်သည်။ **Ref: IE**

**K.H**

# ဂျပန်တပ်မတော်က ဉာဏ်ရည်တုနည်းပညာနှင့်အလိုအလျောက်စနစ်တို့တွင် ရင်းနှီးမြှုပ်နှံမှုများပိုမိုလုပ်ဆောင်မည်

**တိုကျို၊ စစ်ရေး**

ဂျပန်တပ်မတော်အနေဖြင့် ဉာဏ်ရည်တုနည်းပညာ(AI) နှင့် အလိုအလျောက်စနစ်တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ်လ ၃၀ ရက်တွင် ထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံက ဒေသတွင်းခြိမ်းခြောက်မှုများကို ရင်ဆိုင်တုံ့ပြန်နိုင်စေရေးအတွက် တပ်မတော်ကို အဆင့်မြှင့်တင်မှုများလုပ်နေသော်လည်း စစ်သည်အင်အားအလွန်ရှားပါးမှုနှင့် ရင်ဆိုင်နေရသည့်အတွက် စစ်သည်များ၏ အခြေအနေအရပ်ရပ်ကိုလည်း တိုးမြှင့်ပေးသွားမည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ်လ ၃၀ ရက်တွင်တင်ပြသော ကာကွယ်ရေးအသုံးစရိတ်တောင်းခံလွှာတွင် ယခုကဲ့သို့ ရေးသားဖော်ပြထားခြင်းဖြစ်သည်။

ဂျပန်တပ်မတော်သည် မတ်လ ၃၁ ရက်အထိ ဘဏ္ဍာရေးနှစ်အတွင်း ကြည်း၊ ရေ၊ လေတပ်ဖွဲ့များသို့ ဝင်ရောက်အမှုထမ်းသူစစ်သည်အင်အား ၁၀၀၀၀ အောက်သာရှိသည်။ ထိုပမာဏသည် မျှော်မှန်းထားသည်ထက် ထက်ဝက်မျှသာရှိသည်။

ဂျပန်တပ်မတော်က စစ်သည်အင်အားနှစ်သိန်းခွဲအထိရရှိစေရေး ရည်မှန်းလုပ်ဆောင်နေခြင်းဖြစ်သော်လည်း နိုင်ငံ၏ လူဦးရေမွေးဖွားမှုနှုန်းကျဆင်းခြင်းက အဓိကအဟန့်အတားဖြစ်နေသည်။

ထို့ကြောင့် စစ်သည်အင်အားနည်းပါးမှုကို ကိုင်တွယ်ဖြေရှင်းရေးအတွက် AI နည်းပညာကိုအသုံးပြုသွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ယန်း ၁၈ ဘီလီယံအသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

Ref: TST



# ယူကရိန်း၏ ပထမဆုံး F-16 တိုက်လေယာဉ်တစ်စင်းပျောက်ဆုံးဟုအတည်ပြု

**ကီယက်၊ စစ်ရေး**

ယူကရိန်းနိုင်ငံသို့ အမေရိကန်ကပံ့ပိုးပေးထားသည့် F–16 တိုက်လေယာဉ်များအနက် ပထမဆုံးတိုက်လေယာဉ်သည် လေယာဉ်မှူးနှင့်အတူပျောက်ဆုံးနေသည်ဟု ယူကရိန်းတပ်မတော်ဦးစီးချုပ်ရုံးက အတည်ပြုထုတ်ပြန်ထားသည်။

ထို့နောက် ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက အဆိုပါလေယာဉ်ပျောက်ဆုံးမှုအတွက် အထူးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းကာ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေသည်။

ထိုလေယာဉ်သည် ပစ်မှတ်တစ်ခု၏ နောက်သို့လိုက်နေစဉ် ဆက်သွယ်မှုပျက်သွားခြင်းဖြစ်ပြီး လေယာဉ်ပျက်ကျကာ လေယာဉ်မှူးသေဆုံးခြင်းဖြစ်နိုင်သည်ဟု ဦးစီးချုပ်ရုံးက ဩဂုတ်လ ၂၉ ရက်ညနေပိုင်းတွင်ထုတ်ပြန်ထားသည်။

ယခုကဲ့သို့ လေယာဉ်ပျောက်ဆုံးမှုက လေယာဉ်မှူး၏အမှား၊ စက်ချွတ်ယွင်းမှုသို့မဟုတ် ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့၏ မှားယွင်းပစ်ခတ်မှုတစ်ခုခုကြောင့်ဖြစ်နိုင်သည်ဟု လေတပ်သတင်းအရင်းအမြစ်တစ်ခုကပြောသည်။

ထိုလေယာဉ်ကိုမောင်းနှင်သူမှာလည်း အနောက်နိုင်ငံတွင် F–16 လေယာဉ်မောင်းသင်တန်းတက်ထားသူများအနက် ကျွမ်းကျင်သူ အလက်ဆီမက်ဖြစ်ကြောင်းသိရသည်။

Ref: RT




# ထရမ့်က ဇက်ကာဘာ့ကို ထောင်ချသွားမည်ဟုခြိမ်းခြောက်

**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ရီပတ်ဘလစ်ကန်ပါတီမှ ဒေါ်နယ်ထရမ့်က မတ်တာကုမ္ပဏီအမှုဆောင်အရာရှိချုပ်ဖြစ်သော မာ့ဇက်ကာဘာ့ကို ထောင်ချအရေးယူသွားမည်ဟု ခြိမ်းခြောက်လိုက်ကြောင်း မကြာမီထုတ်ဝေမည့်စာအုပ်တွင်ဖော်ပြထားသည်။

ဒေါ်နယ်ထရမ့်သည် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မတ်တာအမှုဆောင်အရာရှိချုပ်၏ ပါဝင်ပတ်သက်မှုများနှင့်ပတ်သက်၍ ယခုရွေးကောက်ပွဲတွင်လည်း အလားတူဖြစ်စဉ်မျိုးဖြစ်လာပါက ထောင်ချအရေးယူမည်ဟု ဇက်ကာဘာ့ကိုသတိပေးလိုက်ခြင်းဖြစ်သည်။

ထို့ပြင် လာမည့်ရွေးကောက်ပွဲတွင် လိမ်လည်သူများအားလုံးကိုလည်း ထောင်ဒဏ်များဖြင့် အပြစ်ပေးအရေးယူသွားမည်ဟု ဒေါ်နယ်ထရမ့်က ပြောထားကြောင်းသိရသည်။

Ref: RT

# သတင်းတိုကဏ္ဍ

## တယ်လီဂရမ်တည်ထောင်သူကိုဖမ်းထားသော်လည်း ကမ္ဘာ့ခေါင်းဆောင်များက ထိုကွန်ရက်ကိုသုံးနေဆဲဖြစ်

မက်ဆေ့ပေးပို့နိုင်သည့် လူမှုကွန်ရက်တစ်ခုဖြစ်သော တယ်လီဂရမ်တည်ထောင်သူကို ပြင်သစ်အစိုးရကဖမ်းထားသော်လည်း ပြင်သစ်သမ္မတအပါအဝင် ကမ္ဘာ့ခေါင်းဆောင်များက အသုံးပြုနေဆဲဖြစ်ကြောင်း မီဒီယာများကဖော်ပြထားသည်။

တယ်လီဂရမ်သည် ရာဇဝတ်မှုများကျူးလွန်ရန် အားပေးအားမြှောက်ပြုရာရောက်နေသည်ဟုဆိုကာ အဆိုပါလူမှုကွန်ရက်ကိုတည်ထောင်သူ ရုရှားနိုင်ငံသား ပေဗယ်ဒူးရော့ကို ပြင်သစ်အစိုးရက ဖမ်းဆီးထိန်းသိမ်းထားခြင်းဖြစ်သည်။

သို့သော် ထိုလူမှုကွန်ရက်က အန္တရာယ်ရှိသောပလက်ဖောင်းတစ်ခုဟု ဆိုသော်လည်း ပြင်သစ်သမ္မတ အမ်မန်နူယယ်မက်ခရွန် အပါအဝင် လွှတ်တော်အမတ်များ၊ အစိုးရအဖွဲ့ဝင်များ၊ သမ္မတရုံးအကြံပေးများသာမက တူကီယဲသမ္မတ၊ အစ္စရေးဝန်ကြီးချုပ်နှင့် အခြားနိုင်ငံ့ခေါင်းဆောင်များက မကြာခဏဆိုသလို ဝင်ရောက်အသုံးပြုနေသည်ကိုတွေ့ရကြောင်း ဥရောပဒေသသတင်းထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

Ref: Sputnik

## တောင်ကိုရီးယားသမ္မတအပေါ် လူထုထောက်ခံမှုပမာဏ ၂၃ ရာခိုင်နှုန်းအထိကျဆင်း

တောင်ကိုရီးယားသမ္မတ ယွန်းဆက်ယိုအပေါ် လူထုထောက်ခံမှုပမာဏသည် ပြီးခဲ့သည့်သီတင်းပတ်နှင့်နှိုင်းယှဉ်ပါက ယခုသီတင်းပတ်အတွင်း ၂၃ ရာခိုင်နှုန်းအထိ ကျဆင်းလာကြောင်း ဩဂုတ်လ ၃၀ ရက် စစ်တမ်းတွင်ဖော်ပြထားသည်။

အထူးသဖြင့် တောင်ကိုရီးယားသမ္မတ၏ နိုင်ငံရေးကိစ္စဆောင်ရွက်မှုများအပေါ် လူထုထောက်ခံမှုသည် ၆၆ ရာခိုင်နှုန်းကျဆင်းလာခြင်းဖြစ်သည်ဟု Gallup Korea ၏စစ်တမ်းတွင်ဖော်ပြထားသည်။

ထို့ပြင် အာဏာရပါတီအပေါ်လူထုထောက်ခံမှုသည် ၃၀ ရာခိုင်နှုန်းကျဆင်းပြီး အတိုက်အခံပါတီအပေါ်ထောက်ခံမှုက ၃၁ ရာခိုင်နှုန်းဖြင့် မပြောင်းလဲဘဲဆက်ရှိနေသည်။

စစ်တမ်းကောက်ယူမှုကို ဩဂုတ်လ ၂၇ ရက်မှ ၂၉ ရက်အထိလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး လူ ၁၀၀၂ ဦးက ပါဝင်မဲပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ Ref: Xinhua

## အစ္စရေးက ဂါဇာအလယ်ပိုင်းနှင့်တောင်ပိုင်းတို့တွင် တစ်လကြာစစ်ဆင်ရေးပြီးဆုံးပြီဟုကြေညာ

အစ္စရေးတပ်မတော်က ဂါဇာအလယ်ပိုင်းနှင့်တောင်ပိုင်းတို့တွင်လုပ်ဆောင်နေသော တစ်လကြာ စစ်ဆင်ရေးပြီးဆုံးပြီဖြစ်ကြောင်းနှင့် ယင်းစစ်ဆင်ရေး၌ ပါလက်စတိုင်းတိုက်ခိုက်ရေးသမား ၂၅၀ ကျော်ကို ချေမှုန်းနိုင်ခဲ့ကြောင်း ဩဂုတ်လ ၃၀ ရက်တွင်ထုတ်ပြန်ကြေညာလိုက်သည်။

အမှတ်(၉၈)တပ်မဟာမှစစ်သည်များသည် ခန်ယိုနစ်နှင့် ဒီယာအယ်ဘာလာဒေသတို့၌လုပ်ဆောင်သော တပ်မဟာအဆင့်စစ်ဆင်ရေးကို ပြီးစီးခဲ့ပြီဖြစ်သည့်အပြင် ထိုစစ်ဆင်ရေးကို မြေပေါ်မှသာမက မြေအောက်မှလည်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် စစ်သည်များက အကြမ်းဖက် ၂၅၀ ကျော်ကိုချေမှုန်းနိုင်ကာ အကြမ်းဖက်အဖွဲ့၏ အခြေခံအဆောက်အဦများကို ဖျက်ဆီးလိုက်နိုင်ကြောင်း စစ်ဘက်မှပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။

ခန်ယိုနစ်ဒေသခံများကမူ ၎င်းတို့အနေဖြင့် နေရပ်သို့ပြန်ရောက်သည့်အခါ အပျက်အစီးများနှင့်ပြည့်နှက်နေသည့် မြို့ပျက်ကြီးကို တွေ့လိုက်ရသကဲ့သို့ခံစားရသည်ဟုပြောထားသည်။

Ref: RTA

## ဘင်္ဂလားဒေ့ရှ်အရှေ့ပိုင်းတွင်ရေလွှမ်းမိုးမှုများကြောင့် ကလေးငယ်နှစ်သန်းကျော်ဒုက္ခရောက်

ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့ပိုင်းတွင်ဖြစ်ပွားသော ရေလွှမ်းမိုးမှုများကြောင့် ကလေးငယ်နှစ်သန်းကျော်မှာ ဒုက္ခရောက်နေရကြောင်း ယူနီဆက်ကသတိပေးသည်။

ထို့ပြင် နှစ်ပေါင်း ၃၄ နှစ်အတွင်း အဆိုးဆုံးဖြစ်သော အဆိုပါရေလွှမ်းမိုးမှုများကြောင့် ပြည်သူ ၅ ဒသမ ၆ သန်းမှာ ရေဘေးဒုက္ခနှင့်ရင်ဆိုင်ရသည်ဟု ယူနီဆက်က ဩဂုတ်လ ၃၀ ရက်တွင်ထုတ်ပြန်ထားသည်။

ညှာတာမှုကင်းမဲ့လှသည့် သဘာဝဘေး၏ရိုက်ခတ်မှုကြောင့် ကလေးငယ်များမှာ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း၊ စာသင်ကျောင်းများ မရှိတော့ခြင်း၊ မိဘများဆုံးရှုံးခြင်းတို့အပြင် ခိုကိုးရာမဲ့များဖြစ်နေရပြီဟု ယူနီဆက်၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုလျှင် ပြည်သူ ၁၃ သန်းကျော်ရေဘေးသင့်ပြီး ထိုအထဲတွင် ကလေးငယ်ငါးသန်းလည်း ပါဝင်ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်ကလေးငယ်များမှာ ကျန်သူများထက်သဘာဝဘေးကိုပိုခံစားရကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။Ref: Xinhua

# Naypyitaw State Academy တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ




နေပြည်တော် ဩဂုတ် ၃၀

Naypyitaw State Academy တွင် ကျောင်းသားလူငယ်များ ဥပဒေဆိုင်ရာ အခြေခံအသိအမြင်၊ ဗဟုသုတများတိုးပွားစေရန်နှင့် ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များကို ကျောင်းသား၊ ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့်နားလည်သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာ ဒုတိယအကြိမ် အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးသန့်ဇင်အောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ပါဝင်သည့် နိုင်ငံတော်အခြေခံမူများထဲမှ သိသင့်သိထိုက်သည်များ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဖွဲ့စည်းမှုများ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကောက်နုတ်ချက်နှင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာသိသင့်သိထိုက်သည်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင်ပါရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်းနှင့် ခန့်အပ်တာဝန်ပေးခြင်း၊ ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် ခန့်အပ်တာဝန်ပေးခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်၊ လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲနှင့် ပထမအကြိမ်မဲပေးကြမည့်လူငယ်များ၏ အခန်းကဏ္ဍတို့ကို ရှင်းလင်းဆွေးနွေးဟောပြောရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မဝ)

# (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတက်ရောက်

နေပြည်တော် ဩဂုတ် ၃၀







(၂၃) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများအစည်းအဝေးကို ယနေ့တွင် အိန္ဒိယနိုင်ငံဗဟိုဘဏ်မှ Virtual စနစ်ဖြင့် ကြီးမှူးကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Virtual ဖြင့် တက်ရောက်သည်။

အစည်းအဝေးတွင်အိန္ဒိယနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Dr. Michael Debabrata Patra နှင့် SEACEN ခေတ္တအမှုဆောင်ဒါရိုက်တာ Dr. Srichander Ramaswamy တို့က အဖွင့်အမှာစကားများပြောကြားသည်။

ဆက်လက်၍ SEACEN ခေတ္တအမှုဆောင်ဒါရိုက်တာက (၂၂) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ခဲ့သည့်ကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ်အတွင်း SEACEN Centre ၏ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ လာမည့် ၂၀၂၅ ခုနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ သုတေသနဆိုင်ရာစာတမ်းများနှင့် SEACEN ပညာသင်ဆုများခွဲဝေပေးမှုအခြေအနေများနှင့် ဘတ်ဂျက်အသုံးပြုရန် လျာထားမှုအခြေအနေများကိုလည်းကောင်း၊ Organisation for Economic Co-Operation and Development (OECD)ကို SEACEN Centre ၏ မဟာဗျူဟာမိတ်ဖက်အဖြစ်လက်ခံနိုင်ရေးကိစ္စ၊ SEACEN Centre ၏ ဝန်ထမ်းများအတွက် လစာပေးမှုဆိုင်ရာကိစ္စရပ်များနှင့် ဝန်ထမ်းများခန့်ထားမှုနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြရာ SEACEN အဖွဲ့ဝင်ဗဟိုဘဏ် ၁၉ ဘဏ်၏ဒုတိယဥက္ကဋ္ဌများက အကြံပြုဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

ယင်းနောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများတံခါးပိတ်အစည်းအဝေးကိုကျင်းပရာ အိန္ဒိယနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Dr. Michael Debabrata Patra က မေခရိုစီးပွားရေးနှင့်ငွေကြေးမူဝါဒဆိုင်ရာစီမံခန့်ခွဲမှုဌာန၏ ဒါရိုက်တာရာထူးနေရာခန့်အပ်ရေး၊ SEACEN Centre ၏ အလယ်အလတ်အဆင့်ဝန်ထမ်းများ၏ စာချုပ်သက်တမ်းတိုးခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းသတ်မှတ်ချက်များနှင့် SEACEN Centre ၏ဝန်ထမ်းများက လိုက်နာရမည့်ကျင့်ဝတ်များနှင့် စည်းမျဉ်းစည်းကမ်းများကိုဆွေးနွေးခဲ့ကြပြီး လိုအပ်သည့် သုံးသပ်ဆုံးဖြတ်မှုများကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# အိမ်မဲ၊ ဝါးခယ်မ၊ မြောင်းမြ၊ ကန်ကြီးထောင့် မြို့နယ်များဒေသဖွံ့ဖြိုးရေး ဒုတိယဝန်ကြီး ဦးမြင့်စိုး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဩဂုတ် ၃၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင်ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မကျီးချောင်းကျေးရွာသို့သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ် လည်ပတ်ရန်ပုံငွေ၊ အတိုးရငွေတို့ဖြင့်ဆောင်ရွက်ခဲ့သော ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ သောက်သုံးရေသန့်စင်စနစ်တပ်ဆင်ပေးရေးနှင့် ရွာအဝင်လမ်းတံတားတည်ဆောက်ပေးရေး တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာသို့သွားရောက်ပြီး စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာ၌ ဝါးခယ်မမြို့နယ်အတွင်းရှိ နေကြာစိုက်တောင်သူများ၊ သမဝါယမအသင်းသားများ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ဒုတိယဝန်ကြီးက နေကြာအထွက်တိုးမျိုး စိုက်ပျိုးကြရေး၊ ရှုရှားရွက်ဖျန်းသဘာဝမြေဩဇာကို စနစ်တကျအသုံးပြုတတ်ရန်အတွက် အသိပညာဖြန့်ဝေပေးရေးမှာကြား၍ သမဝါယမအသင်းသားတောင်သူများထံ ရှုရှားရွက်ဖျန်းသဘာဝမြေဩဇာများ ပေးအပ်သည်။

ထို့နောက် ဝါးခယ်မမြို့နယ် ဝဲရွာကျုံစိန်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းအရှည် ၁၂၈၅ ပေ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြောင်းမြမြို့နယ် မဒေါ့ပင်ခေတ်မီစံပြကျေးရွာ (Smart Village) သို့ သွားရောက်၍ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ဒုတိယဝန်ကြီးက ကျေးလက်စီးပွားမြင့်မားရေး (RBF) ရန်ပုံငွေကျပ် သိန်း ၃၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ခေတ်မီစံပြကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၇၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များတင်ပြမှုအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ခေတ်မီစံပြကျေးရွာအတွင်း ဆောင်ရွက်ပေးခဲ့သော သောက်သုံးရေရရှိရေးလုပ်ငန်းကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်တည်ဆောက်မည့်မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ကလေးဖွံ့ဖြိုးရေးစင်တာသို့သွားရောက်ပြီး မူကြိုကလေးငယ်များအား နွားနို့နှင့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ကန်ကြီးထောင့်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနေသော ခရောင်းကွင်း-ပုလဲကူး-ပေပင်စာဖြူစု ကျေးရွာချင်းဆက်လမ်းအရှည် ၂ မိုင်အနက် ၄ ဒသမ ၂ ဖာလုံ ခွဲကျောက်အမာခံခင်းခြင်းလုပ်ငန်းကိုကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မဝ)

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

# ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL–50 Scential)၊ Aeroqual (Series–500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer–1941150)၊ (Gas Analyzer–1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့်အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မို နောက်ဆိုဒ် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | ကောင်းမွန် | | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၅ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၆ | ဒလမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၇ | လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့ | ကောင်းမွန် | | | | လက်ခံနိုင်သော | ကောင်းမွန် |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | |
| | ၂ | ကသာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ဟုမ္မလင်းမြို့ | ကောင်းမွန် | | | | | |
| | ၄ | လဟယ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | | ကောင်းမွန် | | | | ကောင်းမွန် |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | | ကောင်းမွန် | | ကောင်းမွန် | | ကောင်းမွန် |
| ၈ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၉ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | | ကောင်းမွန် | | | | ကောင်းမွန် |
| | ၂ | ကျိုင်းတုံမြို့ | ကောင်းမွန် | | | | | |
| | ၃ | တာချီလိတ်မြို့ | ကောင်းမွန် | | | | | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက်အသင်း အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့



ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာ နေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များအားလုံးပြီးဆုံးသွားချိန်တွင် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။


မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက် ယူ-၂၀အသင်းက ၁၂ ပွဲ ကစားခဲ့ရာတွင် ကိုးပွဲနိုင် နှစ်ပွဲသရေ တစ်ပွဲရှုံး ရမှတ် ၂၉ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ရှမ်းယူနိုက်တက် ယူ-၂၀အသင်းနောက်တွင် Junior Lions အသင်းက ရှစ်ပွဲနိုင် သုံးပွဲသရေ တစ်ပွဲရှုံး ရမှတ် ၂၇ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂) နေရာတွင်ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

မိမိပိုင်
နိုင်ငံသားစိစစ်ရေးကတ်၊
Mobile SIM Card၊ Mobile
Payment Account၊
Bank Account များအား
မသက်ဆိုင်သူထံသို့
အခကြေးငွေဖြင့်
ရောင်းချခြင်း၊ ငှားရမ်း
အသုံးပြုစေခြင်းများ
ဆောင်ရွက်ပါက
တည်ဆဲဥပဒေများနှင့်အညီ
အရေးယူ
ခံရနိုင်ပါသည်။

## ဥပဒေရေးရာဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



**မော်လမြိုင် ဩဂုတ် ၃၀**

ဥပဒေရေးရာဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ်လ ၃၀ ရက်နံနက်ပိုင်းတွင်မော်လမြိုင်မြို့အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ကျင်းပသည်။

သွေးလှူဒါန်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက စုပေါင်းသွေးလှူဒါန်းပေးကြသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဥပဒေချုပ်ရုံး ဝန်ထမ်း၂၄ ဦးအား မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးရှိ ဆရာဝန်ကြီးများ၊ သူနာပြုဆရာ၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက ကိုယ်အလေးချိန်နှင့် သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်း၊ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက စုပေါင်းသွေးလှူဒါန်းပေးခဲ့ကြသူများကို အားဆေးများ၊ ကြက်ဥနှင့်အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ပြီး အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီးက ဥပဒေရေးရာဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်းပေးခြင်းအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာအားပေးအပ်ကာ စုပေါင်းသွေးလှူဒါန်းပေးခဲ့ကြသူများကိုရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ စိုက်ပျိုးထားသော ဆီထွက်သီးနှံ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မြစ်သား ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော ဆင်းရွှေကြာ(၂) နေကြာစိုက်တောင်သူများစိုက်ပျိုးထားသော စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

မြစ်သားမြို့နယ်၌ ယခုစိုက်ပျိုးထားသော ဆင်းရွှေကြာ(၂) နေကြာစိုက်ဧကပေါင်း ၄၀၃ ဧကကျော် စိုက်ပျိုးထားကြောင်း၊ နေကြာစိုက်ပျိုးခြင်းသည် ထွန်ယက်ပြီး ပေါင်းကြီးတင်စနစ်ဖြင့် စိုက်ပျိုးရခြင်းကြောင့် လူနှင့်လုပ်အားခ၊ အရင်းအနှီးများစွာမကုန်ကျဘဲ ဈေးကောင်းရလျှင် ဒေသခံတောင်သူများ ဝင်ငွေကောင်းမွန်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆင်းရွှေကြာ(၂)နေကြာမျိုးစေ့နှင့်တောင်သူနည်းပညာပေးခြင်းလုပ်ငန်းများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံတောင်သူများ အထွက်နှုန်းကောင်းဆင်းရွှေကြာ(၂)နေကြာကို တိုးချဲ့စိုက်ပျိုးစေလိုကြောင်း ပြောကြားသည်။

ယခုအခါ ဆင်းရွှေကြာ(၂) နေကြာတစ်ဧက စိုက်ပျိုးလျှင် တစ်ဧကအထွက်နှုန်း ၂၅ တင်းမှ တင်း ၃၀ ထိထွက်ရှိပြီး တစ်တင်းကိုကြိတ်ခွဲလျှင် ဆီသုံးပိဿာခွဲမှ လေးပိဿာအထိ ထွက်ရှိသောကြောင့် နေကြာစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းထွန်း(မြစ်သား)**



## မှျစ်ခြောက်များပြုလုပ်ရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**သံတောင်ကြီး ဩဂုတ် ၃၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့သည် တောင်ပေါ်မြို့ဖြစ်သည့်အားလျော်စွာ သစ်ဝါးများ သဘာဝအတိုင်း ပေါက်ရောက်လျက်ရှိသည်။ မိုးတွင်းအချိန်တွင် သဘာဝအတိုင်း အလေ့ကျပေါက်သည့်မှျစ်များကို တစ်နှစ်တာပတ်လုံး စားသုံးနိုင်ရန် မှျစ်ခြောက်များပြုလုပ်ကြပြီး မှျစ်များလှိုင်လှိုင်ထွက်ရှိသည့် ယခုအချိန်တွင် မှျစ်ခြောက်များပြုလုပ်ရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။

မှျစ်ခြောက်များပြုလုပ်ရာတွင် တစ်နှစ်တာလုံးတာရှည်ခံစားသုံးနိုင်ရန် မှျစ်စိုများကို ပါးပါးခြစ်ကာ မနူးတနူးပြုတ်ပြီး အရည်စစ်၍ ထင်းမီး သို့မဟုတ် နေနှင့်အခြောက်ခံကာ လုံခြုံစွာသိုလှောင်ထားရသည်။ မှျစ်ခြောက်များကို ကရင်ရိုးရာတာဟဲဖိုး၊ တာလပေါဟင်းများ ချက်ပြုတ်ရာတွင် အဓိကအသုံးပြုသည်သာမက အခြားသောသီးနှံ အသားဟင်းများနှင့် ရောချက်ရာတွင်လည်း အလွန်အရသာကောင်းသည့်အတွက် သံတောင်ကြီးမြို့ပေါ်တွင်သာမက တောင်ငူ၊ ရန်ကုန်နှင့် အခြားနေရာဒေသများသို့ပါ တင်ပို့ရောင်းချကြကြောင်းသိရသည်။

**နော်နော်မူ**

## စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများအား စီမံကိန်းချေးငွေများထုတ်ချေး

**ဖြူး ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်တောကန်ကျေးရွာ၌ နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ပြန်လည်ထုတ်ချေးပေးခြင်းကို ဩဂုတ်လ ၃၀ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက အင်တောကန်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အင်တောကန်ကျေးရွာရှိ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ်၄၃ ဒသမ ၇၀ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက အင်တောကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၄၆ ဦးအား ချေးငွေကျပ် ၂၇ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၅၈ ဦးအား ချေးငွေကျပ် ၁၆ ဒသမ ၁၅ သန်းကို တစ်ဦးချင်းစီ၏လက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်ထံမှ သိရသည်။

**ချို်လေး**

## ကျောင်းသား ကျောင်းသူများအား ဥပဒေဆိုင်ရာ အသိပညာပေးဟောပြော

**မင်းလှ ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မလွန်အခြေခံပညာအထက်တန်းကျောင်း မြရောခန်းမ၌ မြို့နယ်ပညာရေးဌာနမှ ကြီးမှူးကျင်းပသည့် ကျောင်းသား၊ ကျောင်းသူများဖြစ်လေ့ရှိသောအမှုများနှင့် ပတ်သက်၍ ဥပဒေဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၃၀ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးညွှန့်ဝင်းက အမှာစကားပြောကြားကာ မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးကျော်ဇင်ထွန်းက ကျောင်းသား၊ ကျောင်းသူများဖြစ်ပွားလေ့ရှိသော အမှုများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ကလေးသူငယ်ဥပဒေဆိုင်ရာအကြောင်းအရာများ၊ ပြစ်မှုပြစ်ဒဏ်များအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် မလွန်အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာကြီးက ကျောင်းသား၊ ကျောင်းသူများဖြစ်လေ့ရှိသောအမှုများအား ဖြစ်ပွားမှုမရှိစေရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အသိပညာပေးဟောပြောပွဲတက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြို့နယ်ဥပဒေအရာရှိက ပြန်လည်ရှင်းလင်းပြောကြားကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

**သင်မလိုသောမီးကိုပိတ်ထားခြင်းဖြင့် လိုအပ်သူများအလင်းရပါစေ။**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများလာရောက်ဂုဏ်ပြုပေးအပ်



ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများကိုယ်စား ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့်စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။



ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ဂုဏ်ပြုပေးအပ်စဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းထံ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများဂုဏ်ပြုပေးအပ်စဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်ရှိသူများက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်ထံ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများဂုဏ်ပြုပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ဩဂုတ်လ ၂၉ ရက်နှင့် ယနေ့တို့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့်စားသောက်ဖွယ်ရာများဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ပြုလုပ်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ လွှတ်တော်ရုံးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းငါးဆယ်နှင့် ငွေကျပ်သိန်းသုံးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ်တစ်ရာ့ခြောက်သိန်းရှစ်သောင်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ရုံးဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ဆယ်သိန်းကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းနှစ်ဆယ်ကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်ဆယ်သိန်းကိုလည်းကောင်း ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများက တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်သည်၊ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

အလားတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဧည့်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ဒုတိယတိုင်းမှူးကလက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများဂုဏ်ပြုပေးအပ်ခြင်းကို ဩဂုတ်လ ၂၇ ရက် မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက စေတနာရှင်အလှူရှင်များမှ လှူဒါန်းသည့်ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိစားသောက်ဖွယ်ရာများကိုဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချချတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

### ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးစိန်ဝင်း(ငြိမ်း) ဗနတ
### အသက်(၉၅)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ စစ်ကိုင်း(၃)လမ်းနေ (ဦးစိန်ဖေ+ဒေါ်ခင်ခင်) တို့၏သား၊ ဗိုလ်ချုပ်ဇော်ဝင်း(ငြိမ်း)၏ချစ်လှစွာသော ဖခင် ဗိုလ်ကြီးစိန်ဝင်း(ငြိမ်း)အသက်(၉၅)နှစ်သည် ၂၈-၈-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁ နာရီ ၄၀ မိနစ်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

### သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### မြန်မာ့သစ်လုပ်ငန်း
### ဒီဇယ်ဆီအိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းတွင်သုံးစွဲရန်လိုအပ်သော High Speed Diesel ကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝယ်ယူမည့် ဂါလန်အရေအတွက်နှင့် ပေးပို့ရမည့်နေရာအသေးစိတ်အား ရောင်းချမည့်တင်ဒါပုံစံတွင် ဖော်ပြထားပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း(ရုံးခွဲ)၊ ရွှေတိဂုံဘုရားလမ်း၊ အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက် - ၂၉-၈-၂၀၂၄/နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၁၁-၉-၂၀၂၄/ ညနေ၁၅:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အမှတ်၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း ၀၁-၈၂၅၄၁၉၁၊ ၀၉-၅၁၄၄၉၈၀**

### အစုရှယ်ယာလွှဲပြောင်းခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ HEIN KYAW HEIN AGRITECH COMPANY LIMITED ၏အစုရှယ်ယာရှင် အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးငွေ သိန်း ၃၀၀,၀၀၀,၀၀၀ (ကျပ်သိန်းသုံးထောင်)တိတိမှ သိန်း ၅၀,၀၀၀,၀၀၀(ကျပ်သိန်းငါးရာ)တိတိသို့ လျှော့ချသွားမည်ဖြစ်ပါသည်။

**HEIN KYAW HEIN AGRITECH COMPANY LIMITED**
**09765472572**

### ပျောက်ဆုံးကြောင်း

(၈)ရပ်ကွက်/၉၇၂၊ ငထွေရှူးလမ်းနေ ဇော်လင်းထိုက်(ဘ)ဦးမြင့်နိုင် ၁၂/ဒဂရ(နိုင်)၁၂၆၈၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 206667)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

သော်ဇင်ညွှန့်(ဘ)ဦးထွန်းထွန်းလွင် ၇/ပမန(နိုင်)၁၆၀၂၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၂၇၆၀၉၀၆**

### ပျောက်ဆုံးကြောင်း

ရွှေကျင်မြို့နယ်၊ ဝိုင်းပျဉ်ရေအုပ်စု၊ ပျဉ်ရေရွာနေ အိရွှေစင်ကို(ဘ)ဦးလှကိုကို ၇/ရကန(နိုင်)၀၈၁၂၅၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MG 421793)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

သွယ်လဲ့တင်(ဘ)ဦးတင်မောင်ဝင်း ၈/မသန(နိုင်)၁၂၀၄၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

ရီရီမြင့်(ဘ)ဦးခင်မောင် ၉/ပမန(နိုင်)၂၃၈၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 301328)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

မမေဇင်နီ(ဘ)ဦးသိန်းဖေမြင့် ၁၀/သထန(နိုင်)၂၁၅၆၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

### ပျောက်ဆုံးကြောင်း

မမေဖြိုးသွယ်(ဘ)ဦးသိန်းဖေမြင့် ၁၀/ပမန(နိုင်)၁၈၀၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

### ပျောက်ဆုံးကြောင်း

ဦးဆန်းဝင်းဦး(ဘ)ဦးချိုသိန်း ၁၀/ဘလန(နိုင်)၁၇၃၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

### ဖခင်အမည်မှန်

ဇလွန်မြို့နယ်၊ ကတော့ကရက်ကျေးရွာ၊ အ.ထ.က(ခွဲ)(စင်ပြည့်) Grade-4 မှ မောင်ကျော်သူအောင်၏ ဖခင်အမည်မှန်မှာ ဦးခင်ဟံဝင်း ၁၄/ဇလန(နိုင်)၁၂၁၄၈၄ ဖြစ်ပါကြောင်း။

**ဦးခင်ဟံဝင်း**

### ပျောက်ဆုံးကြောင်း

စန်းကို(ဘ)ဦးညွန့်မောင် ၉/နထက(နိုင်)၂၃၂၈၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၇၂၃၅၇၂၁**

### မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အ.ထ.က (ပန်းတင်)၊ Grade-12 မှ မောင်ကောင်းမြတ်သူ၏ မိဘအမည်မှန်မှာ ဦးဇော်ဇော်လင်း ၇/မညန(နိုင်) ၁၀၉၉၉၅ နှင့် ဒေါ်ညွန့်ညွန့်ကြည် ၇/အဖန(နိုင်) ၀၆၅၂၂၃ ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်လင်း-ဒေါ်ညွန့်ညွန့်ကြည်**

### ပျောက်ဆုံးကြောင်း

တပ်ကုန်းမြို့နယ်၊ တဲမြင့်အုပ်စု၊ သရက်ပင်ရွာနေ မင်းမင်း(ဘ)ဦးတင်စိုး ၉/တကန(နိုင်)၂၂၄၂၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 292816)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ရွှန်းလဲ့ဝေ(ဘ)ဦးခင်စိုး ၇/ပတတ(နိုင်)၁၁၁၈၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

အေးကျော်နိုင်(ဘ)ဦးလောရီးရင် ၉/မကန (နိုင်)၁၅၆၆၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### တစ်ဦးတည်းဖြစ်ပါကြောင်း

နွားထိုးကြီးမြို့နယ်၊ အ.မ.က(ထနောင်းပင်လဲ) ကျောင်းအုပ်ဆရာကြီးဦးမြင့်သောင်း ၉/နထက(နိုင်)၀၁၂၅၀၈ ၏ဖခင်ဦးညိမ့်နှင့် ဦးညိန့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးညိမ့်(ခ) ဦးညိန့်**

### ပျောက်ဆုံးကြောင်း

ဦးမွန်ကြည်လှ(ဘ)ဦးဘစန်း ၁၀/ပမန(နိုင်) ၀၄၇၀၇၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်တွင်းကြီးမြို့၊ ရွှေအိုး(၁)ရပ်ကွက်၊ အပိုင်း(၃)တွင်နေထိုင်သော ဦးတင်ထွန်း ၈/တတက(နိုင်)၁၀၅၅၆၀(ခ)ဦးတင်ထွန်းအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်ထွန်းအောင်**

### ပျောက်ဆုံးကြောင်း

မြဝေ(ဘ)ဦးအောင်ခင်သန်း ၉/ကပက(နိုင်)၂၁၉၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ယိန်းဆွေ(ဘ)ဦးဘောမ်ယိန်း ၁/မကန(နိုင်)၁၅၉၃၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 706131)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း

ဂျွန်လင်းထိုက်(ဘ)ဦးသောင်းထိုက် ၇/ပခန(နိုင်)၃၄၀၀၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 059009)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၅၉၇၈၆၃**

### ပျောက်ဆုံးကြောင်း

တပ်ကုန်းမြို့၊ ကြို့ကုန်းရွာနေ မဇင်ဇင်ထွေး(ဘ)ဦးကြည် ၉/တကန(နိုင်)၂၁၆၄၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 633981)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၉၂၅၇၆၂၀**

### ပျောက်ဆုံးကြောင်း

သီဟစိုး(ဘ)ဦးစိုးကိုကို ၉/ပဥလ(နိုင်)၀၇၀၃၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 618074)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၅၉၇၈၆၃**




### ပျောက်ဆုံးကြောင်း

မကျော့ခင်သူ(ဘ)ဦးသန်းနိုင်ဦး ၆/တသရ(နိုင်)၀၇၇၆၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 828834)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၅၄၈၃၃၈၈**

### ပျောက်ဆုံးကြောင်း

သန်းမော်အေး(ဘ)ဦးသန်းအေး ၆/ကသန(နိုင်)၀၄၆၁၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 433052)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၉၂၇၀၀**

### မွေးသက္ကရာဇ်အမှန်

ပဲခူးမြို့၊ အ.ထ.က-မြို့အနောက်(ခ)၊ Grade -12 မှ (ဘ)ဦးအောင်မင်းစိုး၏သမီး မဝင်းရတီစိုး ၇/ပခန(နိုင်)၅၂၃၃၂၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၉-၂၀၀၆ ဖြစ်ပါကြောင်း။

**၂၀-၉-၂၀၀၆**

### ပျောက်ဆုံးကြောင်း

သန်းတိုးအောင်(ဘ)ဦးသန်း ၉/နထက(နိုင်)၂၁၆၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 211603)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၂၆၆၈၆၅၀**

### ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းကျေးရွာအုပ်စု၊ မအူလေးပင်ကျေးရွာနေ မောင်ထက်မင်းသီဟထွန်း(ဘ)ဦးမောင်ကို ၉/ဥတသ(နိုင်)၀၀၉၇၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၈၂၅၅၈၆**

### ပျောက်ဆုံးကြောင်း

ဆင်ပေါင်ဝဲမြို့နယ်၊ ထောက်မကျေးရွာနေ ဇော်မျိုးမင်း(ဘ)ဦးငွေဝင်း ၈/ဆပဝ(နိုင်)၁၀၄၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 939338)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ
### လူမှုရေး/စီးပွားရေးကြော်ငြာများ
### (30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မန္တလေးမြို့ပေါ်တွင် နှစ်ရက်အတွင်း လူငယ်နှစ်ဆယ်ခန့် ဖမ်းဆီးခံရကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးနှင့် ပြည်ကြီးတံခွန်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဩဂုတ်လ ၂၇ ရက်နှင့် ၂၈ ရက် နှစ်ရက်အတွင်း လူငယ်နှစ်ဆယ်ဦးခန့်ကို စစ်မှုထမ်းရန်အတွက် တပ်မတော်မှဖမ်းဆီးထားကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ မန္တလေးမြို့ပေါ်တွင် စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များအား ဖမ်းဆီးနေသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မန္တလေးမြို့အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် လှည့်ကင်းပတ်ကင်းများကို မန္တလေးမြို့မှ တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်းနှင့် စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက မန္တလေးမြို့အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




(၁၀၀)

## ကလေးမြို့မှ ချင်းပြည်နယ်သို့ ဆန်နှင့်လျှပ်စစ်ပစ္စည်းများကို သယ်ယူတင်ပို့ခွင့်ပိတ်ပင်ထားကြောင်း သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်မှ ချင်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များသို့ ဆန်နှင့်လျှပ်စစ်ပစ္စည်းများ သယ်ယူတင်ပို့ခွင့် ပိတ်ပင်ထားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာတွင် ဝါဒဖြန့်ဝေရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ ဒေသခံပြည်သူများအတွက် အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို သယ်ယူတင်ပို့ခွင့်များအား စနစ်တကျစစ်ဆေးကြပ်မတ်၍ သယ်ယူခွင့် ခွင့်ပြုထားကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက် မီဒီယာများက ယခုကဲ့သို့သတင်းတု၊သတင်းအမှားများကို မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပဲခူးမြို့နယ် ဘုရားကြီးမြို့တွင် ဆီဘောက်ဆာကားနောက်တွဲပြုတ်ကာ အခြားယာဉ်အားတိုက်မိ၊ လမ်းပိတ်ဆို့မှုမရှိစေရေးအမြန်ဆုံးဆောင်ရွက်လျက်ရှိ

ပဲခူး ဩဂုတ် ၃၀



ပဲခူးမြို့နယ် ဘုရားကြီးမြို့လမ်းဆုံ၌ ယနေ့နေ့လယ်ပိုင်းတွင် ပဲခူးမြို့ဘက်မှ ယာဉ်မောင်း စိုင်းကိုကိုအောင် (၃၃)နှစ် ထားဝယ်မြို့နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက်ကျော်စိုးလှိုင်(၃၂)နှစ်ထားဝယ်မြို့နေသူလိုက်ပါလာသည့် YGN-6 3S-4350 နံပါတ်တပ် နောက်တွဲဆီဘောက်ဆာမော်တော်ယာဉ်သည် ဘုရားကြီးလမ်းဆုံ၌ ဝေါမြို့ဘက်သို့ ချိုးကွေ့မောင်းနှင်စဉ် နောက်တွဲယာဉ်မှာ ဦးခေါင်းပိုင်းနှင့် ချိတ်ဆက်ထားသောချိတ်မှာ ပြုတ်ထွက်ပြီး ဝေါမြို့ဘက်မှ ယာဉ်မောင်း နန်းဝင်း (၃၇)နှစ် ပျော်ဘွယ်မြို့နေသူမောင်းနှင်ပြီး ယာဉ်နောက်လိုက် ဇော်နိုင်ဦး (၃၇)နှစ် ပျော်ဘွယ်မြို့နေသူ လိုက်ပါလာသော MDY-15 5K 6736 နံပါတ်တပ် ခြောက်ဘီးမော်တော်ယာဉ်၏ ဝဲဘက်ဦးခေါင်းတံခါးအား ဝင်ရောက်တိုက်မိခဲ့ရာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်နေပြီး ဆီဘောက်ဆာမှာ ဆီအပြည့်ဖြစ်နေသောကြောင့် အမြန်ဆုံးဖယ်ရှားနိုင်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး ဘုရားကြီးမြို့ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲများနှင့် မီးသတ်တပ်ဖွဲ့များပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄°C / | ၃၂.၀°C |
| ရန်ကုန် | ၂၃°C / | ၃၀.၀°C |
| မန္တလေး | ၂၆°C / | ၃၄.၂°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအားဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၃၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “User@563057224444”TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ထိန်ကုလားကုန်းကျေးရွာနေ လင်းထက်(ခ)သာဂိအား ညနေ ၃ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “Nyan Lin Htet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ မြောက်ရွာမရပ်ကွက်နေ ဉာဏ်လင်းထက်အား ညနေ ၄ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Daw Aye Zin Maw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၀၅) ရပ်ကွက်နေ အေးဇင်မော်အား ည ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# မန္တလေးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့တွင် ငွေကျပ်သိန်း ၅၅၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဩဂုတ်လ ၂၇ ရက်နေ့ နံနက် ၉ နာရီအချိန် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်ရှိ ကားဂိတ်တွင် မော်တော်ဆိုင်ကယ်ဖြင့် ပါဆယ်ပစ္စည်း လာရောက်ထုတ်ယူသူစိုးတင့်အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရစိတ်ပြောင်းဆေးဝါးများ လက်ခံမည့်သူ စိုင်းခမ်းတီအား အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်တွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းတွင် ကံထူးတင်သိန်းအားစိတ်ပြောင်းဆေးဝါးများဖြစ်သည့် အက်တက်စီဆေးပြား ၄၉၀၀ ပြား၊ Happy-5 ဆေးပြား ၃၈၀ ပြား၊ ကက်တမင်း ၉၅၀ ဂရမ်၊ TOYOTA FIELDER မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ စိတ်ပြောင်းဆေးဝါးများ ယူဆောင်ခိုင်းသူ အောင်ဘုန်းမြတ်အား တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မေတ္တာလမ်းရှိ ၎င်း၏နေအိမ်တွင် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ် (မက်သ်အဖက်တမင်း) ၄၇၀ ဂရမ်၊ ကက်တမင်း ၂၅ ဂရမ်၊ Collagen အမှုန့် ၁ ကီလိုနှင့် မူးယစ်ဆေးဝါး Tramadol ဆေးတောင့် ၇၀၀ တောင့်နှင့်လည်းကောင်း၊ ဩဂုတ်လ ၂၈ ရက်နေ့ နံနက် ၁၁ နာရီအချိန် စိတ်ပြောင်းဆေးဝါးများအား လူမဲ့တန်ဆာဖြင့် ပို့ဆောင်ပေးသူ မဝါဝါလွင်(ခ)စန္ဒာအား ရပ်စောက်မြို့နယ်၊ ပင်ဖြစ်ကျေးရွာ၊ ရပ်ကွက်(၁)တွင် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၅၀၀ ကျော်တန်ဖိုးရှိစိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၂ ဒသမ ၄၅ ကီလို၊ အက်တက်စီဆေးပြား ၄၉၀၀ ပြား၊ Happy-5 ဆေးပြား ၃၈၀ ပြား၊ ကက်တမင်း ၉၅၀ ဂရမ်၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၇၀ ဂရမ်၊ ကက်တမင်း ၂၅ ဂရမ်၊ Collagen အမှုန့် ၁ ကီလိုနှင့် မူးယစ်ဆေးဝါး Tramadol ဆေးတောင့် ၇၀၀ တောင့် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ သယ်ဆောင်၍ KTV/ CLUB/ BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။


# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဩဂုတ် ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၂၆ ရက်**တွင် ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **ဩဂုတ်လ ၂၇ ရက်နှင့် ၂၈ ရက်**တို့တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၇)လုံးအတွင်းမှသွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၂၆၅၈၈၀)ကိုလည်းကောင်း၊ **ဩဂုတ်လ ၂၈ ရက်**တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၄)လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၈၈၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် (သွင်းကုန်)၌ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၅၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၅၉၅၈၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၇ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းကုန်းမြို့နယ်၊ ရိုးကြီးချောင်းပတ်လမ်း၊ ဘုရင့်နောင်ဈေး၊ အမှတ် င/ဂ (၂)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၀၄၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **ဩဂုတ်လ ၂၈ ရက်**တွင် သဃ်န်းကျွန်းမြို့နယ်၊ သံသုမာလမ်း၊ ဝေဘူလမှတ်တိုင်အနီး၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁၅၄၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၂၈ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာအုပ်စု၊ ထုံးဘိုလမ်းနှင့် ၆၇ လမ်း၊ လမ်းဆုံ၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း(၁၀)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၃၂၀၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီးနှင့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၃၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၈ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Bongo Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၈၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၉ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၅ ဒသမ ၂၂၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၁၅၉၀)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၉ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ ရွှေပြည်စိုးကျေးရွာ၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၆)စီး **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၉ ရက်**တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁၉ ဒသမ ၈၀၄)တန် **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၂၃၀၁၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ်လ ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၉)မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇၆၂၀၈၄၈၀)**ဖြစ်ကြောင်း **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ** သိရသည်။

**(သတင်းစဉ်)**



Central Hotel
YANGON
ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .
အမှတ် (၃၅၃~၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇




ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အညြေအသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။




အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်ပေါများခြင်းပင်ဖြစ်...**


❖ **ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ကြိုးပမ်းလျက်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ပြုလုပ်သော (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အားကောင်းသောလေဖိအားနည်းရပ်ဝန်း နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဩဂုတ် ၃၀

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿတောင်ပိုင်းကမ်းလွန်)တို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿတောင်ပိုင်းကမ်းခြေအနီးတို့တွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)




# AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium ၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် Winner Soccer အသင်းနှင့် KKY FC အသင်းတို့ကစားခဲ့ရာ Winner Soccer အသင်းက ၃ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ စာမျက်နှာ ၉ ကော်လံ ၄ ●

**ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့**

ဆောင်းပါး စာ - ၁၃ သို့

**မန္တလေးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့တွင် ငွေကျပ်သိန်း ၅၅၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ**

စာ - ၃၀ သို့